
SAMPLE BOOK





# DR. DAVID LEWIS

# THE SECRET LANGUAGE OF SUCCESS


# မပြောသောစကားကိုနားလည်ခြင်း



ဤ စာအုပ်ပါ အကြောင်းအရာများသည် ကျွန်ုပ်တို့နှင့် မစိမ်းပါ။ ကျွန်ုပ်တို့ ပြုမူနေကြသည့်အရာ တိုး ဒေား ဟီ အင်တာတာသည်းကာဝင်။ သို့သော် ဤ အကြောင်းအရာကို ရေးသားသော စာအုပ်မျိုးကား မြန်မာဘာသာဖြင့် သစ်သစ်မှတ်မှတ် မတွေ့ရသေးချေ။

လူ့ရိပ်လှူကား ခတ်ထာတ်ဖို့ အချိန်သုံးပါ နားလည်ဖို့ မရှိတာတက် မသိတာ စကော်ဖို့ ပါးရေနပ်ရေ ရှိထက်ဖို့ အလိုက်သိတတ်ဖို့မှာ လောက၌ အရေးကြီးလှပါသည်။

ဤ စာအုပ်သည် သင် ဘာလိုနေသည်၊ ဘယ်ကို ဘာစီဖက်သဘာရ မည်သို့ ဆက်ဆံနေသည်၊ သင် ဘယ်လို တုံ့ပြန်ရမည် ဆိုသည် တို့ကို ကောင်းကောင်းကြီး ညွှန်ပြထားပါသည်။




မပြောသောစကားကို နားလည်ရေး

ညီညီနိုင်

mgyoe.com SAMPLE BOOK

၃၅၀၀ ကျပ်

| | |
|---|---|
| အုပ်ရေ | ၁၀၀၀ အုပ် |
| အကြိမ် | ပထမအကြိမ် |
| ပထမအကြိမ် | ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ |
| မျက်နှာဖုံး | ဥမ္မာ |
| အတွင်းဖလင် | ပန်းရွှေပြည် |
| ထုတ်ဝေသူ | ဦးသန်းမြင့်<br>လင်းလင်းစာပေ (၀၁၀၄၀)<br>၄/၂၉၊ မြဝတီမင်းကြီးလမ်း၊<br>၁၀ မိုင်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးထွန်းထွန်း (၀၂၇၂၆)<br>အောင်မြင့်ထွန်းပုံနှိပ်တိုက်၊<br>၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၅၃၉ / ၂၀၀၂ (၆) |
| အဖုံးခွင့်ပြုအမှတ် | ၈၀၇ / ၂၀၀၂ (၉) |

mgyoe.com

mgyoe.com SAMPLE BOOK

ညီညီနိုင်

# မပြောသောစကားကို နားလည်ရေး

# THE SECRET LANGUAGE of SUCCESS

DR. DAVID LEWIS

mgyoe.com

mgyoe.com
SAMPLE BOOK

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

mgyoe.com

mgyoe.com SAMPLE BOOK

# မပြောသောစကားကို နားလည်ရေး

# THE SECRET LANGUAGE of SUCCESS

mgyoe.com

mgyoe.com SAMPLE BOOK

နှင်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသော

စာရေးသူ၏ စာအုပ်များ

- ဒေးလ်ကာနက်ဂျီ၏ ၅မိနစ် အတ္ထုပ္ပတ္တိများ
- ဒေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
- ဒေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
- ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်
  (ရဲမြင့်အောင်အမည်ဖြင့် ထုတ်ဝေခဲ့သည်)
- စကားမှတ်တမ်း စာမှတ်တမ်း

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ

**အခန်း တစ်** ၉
အသံတိတ်အောင်မြင်မှု၏ လျှို့ဝှက်ချက်များ
**အခန်း နှစ်** ၃၅
စိတ်ကို ထိန်းချုပ်စေစားခြင်း
**အခန်း သုံး** ၄၄
အသက်ဝင်လှုပ်ရှား အသံတိတ်စကား
**အခန်း လေး** ၆၉
လေးမိနစ်ကြာ အတားအဆီး
**အခန်း ငါး** ၈၀
မိမိကိုယ်မိမိ အကောင်းမြင်ခြင်း၏ အရေးပါမှု
**အခန်း ခြောက်** ၁၁၀
ကိုယ့်ကိုယ်ကို ချစ်မြတ်နိုးပါ
**အခန်း ခုနစ်** ၁၁၉
အမှတ်တရဖြစ်စေမည့် အသွင်သဏ္ဍာန်များ ဖန်တီးခြင်း
**အခန်း ရှစ်** ၁၅၂
တွေ့ဆုံမှုတစ်ခု၏ ခန္ဓာဗေဒ
**အခန်း ကိုး** ၁၉၀
အနီးကပ် ထိတွေ့ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK


**အခန်း တစ်ဆယ်** ၂၁၈

လက်ဆွဲနှုတ်ဆက်ခြင်း၏ လျှို့ဝှက်သောစွမ်းအင်

**အခန်း တစ်ဆယ့်တစ်** ၂၄၅

ကိုယ့်ကိုယ်ကိုအောင်မြင်အောင် အစွံထုတ်နည်း

**အခန်း တစ်ဆယ့်နှစ်** ၂၈၁

အချစ်သင်္ကေတများ

**အခန်း တစ်ဆယ့်သုံး** ၃၀၇

အားပြိုင်ပွဲများ

**အခန်း တစ်ဆယ့်လေး** ၃၅၀

လှေ့လှာဖတ်ရှုခြင်း

**အခန်း တစ်ဆယ့်ငါး** ၃၉၃

ဝတ်စားဆင်ယင်မှုဖြင့် အောင်မြင်ရေး




mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း တစ်

အောင်မြင်မှုသည် ကံအကြောင်းတရားသက်သက်သာ ဖြစ်၍ မည်သည့်ဆုံးရှုံးမှုမျိုးကိုမဆို အချိန်မရွေး ဖိတ်ခေါ်နိုင်သည်။

*အမည်မသိစာဆို*



mgyoe.com

mgyoe.com SAMPLE BOOK

# အသံတိတ်အောင်မြင်မှု၏ လျှို့ဝှက်ချက်များ

အမေရိကန်က ကြွယ်ဝချမ်းသာတဲ့ အာမခံကုမ္ပဏီ ငါးရာ၏ အရောင်းကိုယ်စားလှယ်'အဲလက်စ်'ကို ကျွန်တော် မတွေ့ဘူးခင်ကပဲ... သူ့လုပ်ဖော်ကိုင်ဖက်တွေက သူဟာ ကျွန်တော် တွေ့ဖူးခဲ့သမျှ လူတွေထဲမှာ ဆွဲဆောင်မှုအရှိဆုံးလူတစ်ယောက် ဖြစ်ရလိမ့်မယ်လို့ အခိုင်အမာ ပြောခဲ့ကြပါတယ်။

ဒီကြားထဲက တစ်ယောက်ကတောင် သူ့မှာ အများနှင့်မတူတဲ့ အမြင်သစ်ရှိကြောင်း ထပ်ကွန့်လိုက်ပါသေးရဲ့။

ဒီလိုနှင့်ပဲ ကုမ္ပဏီတစ်ခု နှစ်ပတ်လည်ညီလာခံမှာ အဲလက်စ်ရဲ့တင်ပြချက် တိတ်ခွေတစ်ခုကို နားထောင်လိုက်ရတဲ့အခါကျတော့ စိတ်ပျက်စရာ ကြုံလိုက်ရတယ်။

သူပြောတဲ့ အကြောင်းအရာနှင့် ပြောပုံဆိုပေါက်တွေက အမှားမရှိပေမယ့် ဘာမှ မထူးခြားလှပါဘူး။ သမရိုးကျထက် မပိုပါဘူး။

ကျွန်တော် နည်းနည်း ဘဝင်မကျဖြစ်သွားပါတယ်။

ဒီလူဟာ ဆွဲဆောင်မှုရဲ့ အိမ်ရှေ့မင်းသားလေးတစ်ပါးဆိုတာ တကယ်မှ ဟုတ်ပါ့မလား။

ဒီအချက်ကို အဲလက်စ်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့တော့မှပဲ အဖြေရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲလက်စ်ရဲ့ ဟန်ပန်အမူအရာတွေကို ကြည့်နေရင်းက ဂုဏ်သတင်းကြီးတဲ့ ထင်ရှားကျော်ကြားမှုကို သူ ဘယ်လိုနည်းဖြင့် ရခဲ့တာလဲ။ ပြီးတော့... ဒီ ဂုဏ်သိက္ခာတွေနှင့် ဘယ်လောက်များ ထိုက်တန်လိုက်သလဲ ဆိုတာတွေကို သဘောပေါက်ခဲ့ရတာပါပဲ။

သူနှင့် ညှိခံပွဲတစ်ခုမှာ ဆုံလိုက်ချိန်ကလေးအတွင်းမှာပဲ ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေတစ်သိုက်အပေါ်မှာ ခင်ခင်မင်မင် တလေးတစား အရေးထားပုံတွေ ပေါ်လွင်စေခဲ့ပါတယ်။

တမင်ဟန်ဆောင် လုပ်ယူတာမျိုးမဟုတ်ဘဲ ချစ်နှစ်သက်စရာ ကောင်းစွာဖြင့် သူက စကားဝိုင်းကို ဦးဆောင်သွားပါတယ်။ ဆယ် မိနစ်လောက် ဖော်ရွေရင်းနှီးမှုအပြည့်ဖြင့် စကားတွေ အားရပါးရ ဖောင်ဖွဲ့ပြီး ထွက်သွားတော့တာပါပဲ။

သူမရှိတဲ့နောက်ပိုင်း ကျွန်တော့်မိတ်ဆွေညှိသည်တွေဆီက ၁ ကို ချီးကျူးတဲ့အသံတွေ လျှံထွက်လာပါတယ်...။

"တော်တော် ခင်စရာကောင်းတဲ့လူပါလား"

တခြားလူတွေက သူ အထူးအောင်မြင်ရခြင်း အကြောင်းရင်းကို ဝိုင်းပြီး အဖြေရှာနေတဲ့အချိန်မှာပဲ အမျိုးသမီးတစ်ယောက်က ဖြတ်ထုတ်ပြောလိုက်တာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ စိတ်ပညာရှင် တစ်ယောက်ပီပီ 'အသံမထွက်တဲ့ ဆက်သွယ်မှု'တွေအပေါ် အထူးစိတ်ဝင်စားခဲ့တာနှင့်အမျှ လူတွေရဲ့ ကိုယ်ဟန်လက်ဟန် ဘာသာစကားကို သုံးနှစ်တိုင်တိုင် လေ့ လာခဲ့ပြီး ဖြစ်ပါတယ်။ အခု အဲလက်စ်ရဲ့ အသုံးတော်ခံသွားမှုကို တစ်ထိုင်တည်းဖြင့် အသည်းခိုက်ပြီး စွဲသွားရပါတယ်။

သူဟာ လျှပ်တစ်ပြက်ကလေးဖြင့် အစွမ်းတန်ခိုးထက်လှတာတွေ ဘယ်လိုနည်းနှင့်များ ရထားခဲ့ပါလိမ့်။

သူ့အပြောအဆိုတွေမှာ သောသောရှင်ရှင်ဖြင့် ဇဝနဉာဏ်ပါ ပေမယ့် ဒီပြင်ညှိသည်တွေထက် သိပ်မပိုပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရဲ့ သွင်ပြင်လက္ခဏာတွေဟာလည်း ထူးထူးခြားခြားရယ်လို့ မရှိလှပါဘူး။

အဲလက်စ်ဟာ လူတကာငေးလိုက်အောင် ရုပ်ရေချောမောသူ မဟုတ်သလို၊ ကိုယ်ခန္ဓာအနေအထားအရလည်း စွဲမက်စရာ မရှိတာ အမှန်ပါ။

သူ့အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်က အသံမထွက်ဘဲပြောတဲ့ ဘာသာရပ်မှာ ပါရဂူမြောက် ပိုင်နိုင်ကျွမ်းကျင်ခြင်းပဲဆိုတာ သိသာထင်ရှားနေပါပြီ။

အရပ်ရှည်ရှည်၊ ဆံပင်အရောင် ဖျော့တော့တော့၊ အသက်သုံးဆယ်အရွယ်ရှိတဲ့ ဒီပုဂ္ဂိုလ်ဟာ သူ့ရဲ့ပြောဟန်ဆိုဟန်တွေနှင့် အကွာကြီး ကွာနေပါတယ်။ အဲလက်စ်ရဲ့ စကားအသုံးအနှုန်းတွေဟာ ရိုးရိုးသာမန်လောက်ဖြစ်ပေမယ့် သူ့ရဲ့ကိုယ်အမူအရာတွေကတော့ ထူးခြားလွန်းလှပါတယ်။

အဲလက်စ်ရဲ့ ဂုဏ်တင်လောက်တဲ့ လူမှုဆက်ဆံရေးကျွမ်းကျင်မှုကို ဒီထက် ပိုပြီးတွေ့ရှိဖို့ အခွင့်ကောင်းရခဲ့တာကတော့ နောက်သုံးလအကြာ...

'အသံတိတ်ရောင်းချမှု နည်းပညာ'တွေကို ဖော်ထုတ်ဖို့အတွက် ကျွန်တော့်ကို လေ့လာခိုင်းခဲ့တဲ့အခါမှာပဲ ဖြစ်ပါတယ်။

လုပ်ငန်းစဉ်အရ အရောင်းအဝယ် ပုံစံအမျိုးမျိုးကို မှတ်တမ်းတင်ဖို့နှင့် အသံမထွက်တဲ့ အချက်ပြသင်္ကေတတွေဟာ အရောင်းအဝယ်အောင်မြင်မှုကို အထောက်အကူ ပြုနိုင်မပြုနိုင်ဆိုတာကို အသေးစိတ် ဆန်းစစ်ဖို့ပါပဲ။

အဲလက်စ်ဟာ ဒီလေ့လာမှုမှာ တခြားလူတွေလိုပဲ ကျွန်တော့်ကို စေတနာ့ဝန်ထမ်း ပါဝင်ကူညီခဲ့ပါတယ်။

သူ ကျွန်တော်ကို ပြောပြတာက "ဒီဘာသာရပ်ကို ကျွန်တော် စပယ်ရှယ်စိတ်ဝင်စားတယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ ပိုပြီး အရည်အသွေးပြည့်ဝတဲ့ အရောင်းသမားတစ်ယောက်ဖြစ်အောင်


mgyoe.com

mgyoe.com SAMPLE BOOK
ကိုယ်အင်္ဂါဘာသာစကားကို ကျွန်တော် ဂရုတစိုက်အရေးထားပြီး သုံးခဲ့လို့ပဲ ဖြစ်ပါတယ်”တဲ့။

အဲလက်စ်က ခပ်စောစောပိုင်းနှစ်တွေတုန်းမှာ မျက်နှာချင်းဆိုင်လူတွေ့ ရောင်းရတာဟာ သူကျွမ်းကျင်တဲ့ ဖုန်းဖြင့်ရောင်းရတာလောက် စွံမှာမဟုတ်ဘူးလို့ ယူဆခဲ့တဲ့အကြောင်းလည်း ရှင်းပြခဲ့ပါတယ်။

“ကျွန်တော်အနေဖြင့် လူတွေချင်းတွေ့ပြီး တွေ့တွေ့ဆိုင်ဆိုင်ရောင်းရတာ မကျွမ်းကျင်တော့ မအောင်မြင်မှာစိုးပြီး ကြောက်ရွံ့ခဲ့မိတာ အမှန်ပါပဲ”တဲ့။

သူ့အောင်မြင်မှုရဲ့ ဟာကွက်ကလေးကို ဖြည့်ဖို့ အစရလိုက်တာကတော့ သူ့သားရဲ့ မင်္ဂလာဆောင် ဗီဒီယိုအခွေကို ပြန်ကြည့်မိရာကပါ။

အခွေထဲမှာ သတို့သမီးအဖေနှင့် သူ စကားလက်ဆုံကျနေတာကို ရှည်လျားစွာ ပြထားပါတယ်။

အဲဒီတင် သူ့ရဲ့ဟန်ပန်အနေအထား အချိုးမကျတာတွေ၊ လက် ခြေအမူအရာ လိုတာထက် ပိုများနေတာတွေ၊ မျက်နှာထားတွေက ဆွဲဆောင်မှုမရှိတဲ့အပြင် အကြည့်ရဆိုးနေတာတွေကို တွေ့ပြီး တုန်လှုပ်သွားရတော့တာပါပဲ။ ဒါကြောင့် လူတောမတိုး နိုင်တာပါလားလို့ ချက်ချင်း နားလည်လိုက်တော့တယ်။

သူ့အယူအဆကို လက်တွေ့ဆန်းစစ်တဲ့ အနေဖြင့် အဲလက်စ်ဗီဒီယိုကင်မရာတစ်လုံး ဝယ်ပြီး သူ့ကိုယ်သူ အနေအထားအမျိုးမျိုး ရိုက် လေ့လာပါတော့တယ်။

တစ်ယောက်ယောက်နှင့် စကားအချီအချ ပြောနေခိုက်ကလေးမှာရော၊ လူ နှစ်ယောက်သုံးယောက်ကို ရောင်းချနေစဉ်မှာရော၊ လူတွေ တပြုံကြီး ရှိနေတုန်းမှပါ အသင့်ဆင်ထားတဲ့ ကင်မရာဖြင့် မှတ်တမ်းတင်ခဲ့တာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ သူ့ကိုယ် လက် ဟန်ပန်၊ မျက်နှာအမူအရာတွေရဲ့ အဓိက ပြစ်ချက်တွေကို ရှာပြီးပြုပြင်ဖို့ တစ်ဆင့် တက်ခဲ့ ပြန်ပါတယ်။

"ကျွန်တော်ဟာ အကြောင်းအရာအမျိုးမျိုးကို ဟောပြောသူ ပေါင်းစုံရဲ့ မှတ်တမ်းတင်အခွေတွေ၊ သတင်းစာတွေ၊ ကျွန်တော့်စိတ်ကြိုက် လိုက်ရိုက်ထားတာတွေ အားလုံးကို နာရီပေါင်းများစွာ ထိုင်ကြည့်ခဲ့တယ်"

တစ်ဆက်တည်း သူရှင်းပြခဲ့တာကတော့...

"သရုပ်ဆောင်မင်းသား မင်းသမီးတွေရဲ့ ပရိသတ်ကို ဖမ်းစားတဲ့ အက်တင်တွေကို လေ့လာတယ်။ ဒီအပြင် စကားမပြောဘဲ သရုပ်ဆောင်တဲ့ ဘဲလေးပြဇာတ်တွေနှင့် အကသင်တန်းတွေပါမကျန် သွားတက်ခဲ့တယ်လေ။ ဒီလိုနှင့် အသံမထွက်တဲ့စကားတွေ လျှောလျှောလျူလျူ ပြောလာနိုင်လိုက်တာ စိတ်ချလက်ချ ယုံကြည်အားကိုးလောက်... ...င့်ထိပါပဲ။ တစ်စတစ်စဖြင့် အကြီးအကျယ် တိုးတက်ခဲ့တာ... ...တော့၊ တစ်ချိန်က ဖုန်းကိုင်ပြီး အလုပ်ဖြစ်ခဲ့တာကို လူချင်း တွေ့... ဆိုင်ဆိုင်ပြောပြီး ရခဲ့တဲ့အောင်မြင်မှုတွေက အရှိန်အဟုန်ဖြင့် ကျော်လွှားတက်ပစ်လိုက်ပါပြီ"

အဲလက်စ်ရဲ့ ဖြစ်ထွန်းအောင်မြင်မှုတွေကတော့ မှတ်လောက်သားလောက်စရာပါပဲ။

ဒါပေမယ့် အချိန်တွေ အများကြီးကုန်ခဲ့ရတယ်။ ဒုက္ခတွေ အမျိုးမျိုးခံပြီး စွမ်းအင်တွေ ပုံအောသုံးလို့ မနားမနေကြိုးစားခဲ့ရတာပါ။

သာမန်လူတွေအနေနှင့် သူ့လို လုပ်နိုင်မယ် မထင်ပါဘူး။

ကျွန်တော်ကတော့ ကိုယ်အမူအရာ ဘာသာစကားကို လေ့လာသင်ယူရာမှာ လူတကာအတွက် သင့်လျော်အပ်စပ်ပြီး အကောင်းဆုံးရလဒ်နှင့် ပိုမိုမြန်ဆန်လွယ်ကူစေမယ့် နည်းလမ်းကို ရှာဖွေဖို့ ကြံဆခဲ့ပါပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

## အသံတိတ် ဘာသာစကားကို လေ့လာခြင်း

ကျွန်တော်တို့ဟာ လူတစ်စုရှေ့မှာ ပုံစံတကျ ပြောဆိုပြရမှုတွေကို စူးစမ်းလေ့လာမှုဖြင့် စတင်ခဲ့ပေမယ့် ကုမ္ပဏီရုံးခန်းအတွင်းက ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက် ခြောက်ယောက်လောက်ကနေ ညီလာခံခန်းမကြီးထဲက ရာပေါင်းများစွာသော ပရိသတ် မျက်နှာစိမ်းတွေအထိ ဘုတ်အဖွဲ့ ရုံးခန်းကနေ ဧည့်ခန်းမတွေအရောက်၊ စာသင်ခန်းမကနေ စားသောက်ဆိုင်တွေ ကလပ်တွေ တိုင်အောင်လည်း သုတေသနပြုခဲ့ပါတယ်။

ဘယ်နေရာမှာမဆို လူတွေ စုဝေးတွေ့ဆုံကြတာဟာ မိတ်ဆွေဖွဲ့ဖို့၊ တစ်ဘက်သားကို လွှမ်းမိုးဖို့ပဲဆိုတာ ကျိန်းသေပါတယ်။

သုတေသနပြုမှုက အတိအလင်း ပြဆိုတာက...

ကိုယ်ဟန်လက်ဟန်အမူအရာတွေဖြင့် ပြောတာဟာ ပါးစပ်[illegible] စကားပြောတဲ့အတိုင်းပဲ သူ့ကိုယ်ပိုင် အစွမ်းအာနိသင်၊ နရီစည်းချ[illegible]၊ ဝေါဟာရ၊ သဒ္ဒါတွေနှင့်အတူ ပြေပြေချောချော နားလည်နိုင်စေ[illegible]ာယ် ဆိုတာပါပဲ။

အသံထွက်ဘာသာစကားဖြင့် အလားတူ 'ဘယ်အရာ'၊ 'ဘယ်တော့'ဆိုတဲ့ အနက်အဓိပ္ပာယ်စာလုံးတွေ မှန်မှန်ကန်ကန် ဆက်စပ်မှုမျိုးရှိပြီး မပြောတဲ့ 'စကားလုံး'တွေရဲ့ ဖွဲ့စည်းမှုလည်း ရှိနေတာ သိရတယ်။

ဒီနောက် ပေးပို့သူသတင်းအချက်အလက်တွေကိုလိုက်ပြီး အဲဒီ 'စကားလုံး'တွေဟာ 'စကားစု'တွေ 'စာကြောင်းစာပိုဒ်'တွေအဖြစ် ပြောင်းလဲသွားကြပြန်တယ်။

ဒီ တွေ့ရှိချက်တွေကို လက်တွေ့အသုံးချတဲ့ အနေဖြင့် လေ့ကျင့်ရေးသင်တန်း အလုပ်ရုံစခန်းဌာနမှာ စမ်းသပ်ကြည့်လိုက်တော့ အသံတိတ်ပြောတဲ့စကားတွေဟာ လူမှုရေးအခက်အခဲတွေကို အောင်မြင်မှု



mgyoe.com

mgyoe.com SAMPLE BOOK
သို့မဟုတ် ဆုံးရှုံးနစ်နာမှုရအောင် စွမ်းဆောင်နိုင်ကြောင်း ကျွန်တော့်ကို သက်သေခံခဲ့ပါတယ်။

အသံတိတ်စကားတွေကို ပြေပြစ်သွက်လက်အောင် ပြောနိုင်တာဟာ မွေးရာပါမဟုတ်ပေမယ့် ဘဝတစ်လျှောက်မှာ မသုံးလို့လည်း မဖြစ်ပြန်ဘူး။

သူနှင့်ပတ်သက်သမျှ အချက်အလက်သင်္ကေတတွေ အားလုံးကို သင်ကြားရမယ်၊ လေ့ကျင့်ရမယ်၊ ပြောင်မြောက်စေရမယ် ဖြစ်ပါတယ်။

## အောင်စေ ရှုံးစေတဲ့ အသံတိတ်စကား

ကျွန်တော်တို့ အနေဖြင့် သူ့လုပ်ငန်းရဲ့ အုံ့မခန်း အောင်မြင်မှုတွေမှာ ကိုယ်အမူအရာ စကားကျွမ်းကျင်မှုက အဲလက်စ်ကို ဘယ်လောက် ပံ့ပိုးကူညီခဲ့သလဲဆိုတာ သိမြင်ခဲ့ကြပြီးပါပြီ။

အခု အသံတိတ်စကားမတတ်လို့ အရှည်အချင်း။ ဗဟုသာက တွေအကြံတွေ မြင့်မားလျက်သားဖြင့် အောင်မြင်သင့်သလောက် အောင်မြင်ရှုရာသူ နှစ်ယောက်အကြောင်းကို တင်ပြပါရစေ။

### အာနီးနှင့် ထရိဆာ

အာနီးဟာ အသံတိတ်စကားကို ထိထိရောက်ရောက် အသုံးချရကောင်းမှန်း မသိခင်ကတော့ အခန်းထဲကို နမော်နမဲ့ဝင်သွားပြီး၊ ထွက်တော့လည်း သုတ်သီးသုတ်ပျာ ထွက်သွားတတ်တဲ့ လူစားမျိုးပေါ့။

ဘာပဲဖြစ်ဖြစ် သူဟာ ခင်မင်တတ်တဲ့၊ ဉာဏ်ထက်တဲ့၊ ပျော်တတ်တဲ့ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်သာ ဖြစ်ပါတယ်။

ဒါပေမယ့် သူဟာ တစ်ခြားလူတွေအတွက် မှောင်ထဲက မီးသွေးခဲလိုပဲ အထင်ကြီးစရာ တစ်ကွက်မှ မရှိခဲ့ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

သူက ကျွန်တော်ကို ရှုံ့ရှုံ့မဲ့မဲ့ပြောခဲ့တာတော့ သူတို့ရုံးမှာ ပြက်လုံးတစ်ခုတောင် ရှိကြသတဲ့။

'လူမပါတဲ့ကားတစ်စင်း ဆိုက်လာပြီး အာနိုး ဆင်းလာတယ်' ဆိုပဲ။

အထင်ကရကွန်ပျူတာကုမ္ပဏီကြီးတစ်ခုက အာနိုးလို စာရင်းကိုင် တစ်ယောက်အတွက် အလျှောင်ခံဘဝကို ရောက်ရတာ ရင်နာစရာကြီးပေါ့။

သူ အနေအထိုင်မတတ်တာကြောင့် ရာထူးတိုးဖို့ လမ်းပိတ်သွားရုံမက တခြားအလုပ်တွေကလည်း ငြင်းပယ်တဲ့အပြင် အထီးကျန်အဖော်မဲ့ဘဝကို ရောက်ခဲ့ရတော့တယ်။

"ကျွန်တော်ဟာ လူတွေက ဂရုစိုက်ပြီးခင်မင်လာအောင် ဘယ်လိုပဲကြိုးစားကြိုးစား အပယ်ခံဘဝပဲ ရောက်ခဲ့ရပါတယ်"

သူဟာ လက်တွေ့သင်တန်းကို တက်နေရင်းကပဲ ဝမ်းနည်းပက်လက် ရင်ဖွင့်ခဲ့ရှာပါတယ်။

ထရီဆာကတော့ သူ ဥပေက္ခာအပြုခံရတဲ့ အဖြစ်ကလွဲလို့ ကျန်တာတွေ ဖွင့်ပြောခဲ့ပါတယ်။

သူ့ခမျာလည်း အာနိုးလိုပဲ အလုပ်နှင့် လူမှုရေးအသိုင်းအဝန်းမှာ ပြဿနာတွေ ကြုံနေရသူပါ။

ဒါပေမယ့် အခြေခံအကြောင်းရင်းကတော့ လုံးဝခြားနားတယ်ဆိုရမှာပဲ။

အသက်သုံးဆယ်ကျော်ပိုင်း ဟောဟောဒိုင်းဒိုင်း တရုတ်သမားမို့ အလုပ်ထဲကအပေါင်းအသင်းတွေက သူ့ကို 'မုန်တိုင်းထရီဆာ' လို့တောင် နာမည်ပြောင်းလဲပေးထားရတဲ့အထိ။

သူရောက်လိုက်တာနှင့် တစ်ဘက်လူတွေကို လွှမ်းမိုးနိုင်လွန်းအားကြီးလွန်းလို့ မိနစ်ပိုင်းလေးအတွင်း ငြီးငွေ့ စိတ်ကုန်သွားစေသူပါ။


mgyoe.com

mgyoe.com SAMPLE BOOK

သူ့မိတ်ဆွေတစ်ယောက်ကတောင် သူ့ကို ပြောယူရပါသတဲ့။

"မင်းက ပလစ်ပလစ်နိုင်လွန်းတယ်ကွာ။ မင်းရှိတဲ့နေရာကို လာရမှာတောင် ကိုယ်ကြောက်တယ်"

ထရိုဆာ့မှာ ထိပ်တန်းကျတဲ့အရည်အချင်းတွေ၊ အလုပ်ကောင်းတဲ့မှတ်တမ်းတွေ၊ များပြားတဲ့ အတွေ့အကြုံတွေ ရှိပြီးသားပါ။

ဒါပေမယ့် ရာထူးတက်ဖို့ အင်တာဗျူးဝင်တိုင်း ကို့ယို့ကားယားဟန်ပန် အော့ကြောလန်ပုံစံတွေကြောင့် အမှတ်လျော့ပြီး ကျခဲ့ရတာချည်းပဲ။ သူ့ခမျာ ခင်မင်စရာကောင်းတဲ့ အမျိုးသမီးလေးတစ်ယောက်ဖြစ်ပေမယ့် ရင်းနှီးတဲ့မိတ်ဆွေအဖြစ် ရေရှည်လက်တွဲမယ့်သူ မရှိတော့ဘူး။

အမျိုးသားတွေက သူတို့ကို ခြိမ်းခြောက်ဟိန်းဟောက်တယ်လို့ ထင်ကြသလို၊ အမျိုးသမီးတွေကလည်း ကြောတယ် စီးတယ်လို့ ယူဆကြတယ်။ ဒါဖြင့် ဘာတွေ မှားနေပြီလဲ။

အာနိုးနှင့် ထရိုဆာ အပါအဝင် သန်းပေါင်းများစွာသော အခြားအလုပ်ကြိုးစားတဲ့၊ အတွေ့အကြုံကြွယ်ဝတဲ့၊ ပင်ကိုသဘောကောင်းကဲ့အမျိုးသား အမျိုးသမီးတွေဟာ တခြားလူတွေအပေါ်မှာ ဘယ်လိုဖြစ်လို့ဆက်ဆံရေးကျဲတယ်ဆိုတာ အထင်ခံရကြတာလဲ။ ဘယ်လိုကြောင့်သူတို့ရဲ့အတွင်းစိတ်ကို အမှန်အကန်ဖော်ပြဖို့ ခက်ခဲခဲ့ကြတာလဲ။

အာနိုးနှင့် ထရိုဆာတို့ရဲ့ ကိုယ်အမူအရာဘာသာစကားက ချွတ်ယွင်းချက်တွေ၊ အမှားတွေကို အသေးစိပ် ဆန်းစစ်ပြီးတော့ သင်ခန်းစာ ယူကြရအောင်။

အာနိုးတစ်ယောက် လေ့ကျင့်ရေးသင်တန်း တက်ခါစက ကျွန်တော်ရဲ့ မှတ်ချက်ကတော့ ဒီလိုပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## အာနိုးအပေါ် သုံးသပ်ချက်

အာနိုးသည် ပိန်ပိန်ပါးပါး၊ အပြာရောင်သန်းသော မျက်လုံးများနှင့် ပန်းရောင်ကလေးမျက်နှာရှိသော လူငယ်တစ်ယောက် ဖြစ်ပြီး၊ ဆံပင်ပါးပါးကို မဟာနဖူးထက်မှ နောက်လှန်ဖီးထားသည်။

အခန်းထဲ ခပ်ကုပ်ကုပ် ခပ်အေးအေး ရိုရိုကျိုးကျိုးလေး ဝင်လာသည်။ သူ့လှုပ်ရှားမှုများမှာ တစ်ဘက်သား မျက်စိ ဆံပင်မွေးစူးလောက်အောင် ဂဏ္ဍာမငြိမ် မထိမဲ့မြင်ပြုရာ ရောက်နေသည်။

မကြာခဏ သူ့လည်ချောင်းကို စိုးခနဲဆတ်ခနဲ ကိုင်လားစမ်းလား ပွတ်လားနှင့် ယောက်ယက်ခတ်နေတတ်သည်။

စကားပြောနေခိုက်၌ သူ့မျက်လုံးအကြည့်တွေက တစ်ဘက်လူပခုံးကို ကျော်၍ ခပ်လှမ်းလှမ်းသို့ ရောက်နေမည်။ သို့မဟုတ် အောက်ငုံ့ပြီး သူ့ခြေထောက်တွေကို သူစိုက်ကြည့်နေမည်။

စကားပြောလျှင်လည်း သူ့မျက်နှာပြင်မှာ သက်ဝင်လှုပ်ရှားမှုမရှိ မျက်နှာသေကြီး ဖြစ်နေသည်။ မျက်နှာပေးအားလုံး မကောင်း။ တရား လွန်ထိန်းချုပ် သိုသိပ်ထားဟန်များ ရှိနေသည်။

တစ်ခါတစ်ရံ ပြုံးရာတွင် နှုတ်ခမ်းတွေက တွန့်လွန်းအားကြီးသည်။ သူ့အပြုံးက မျက်နှာပေါ်က တခြားအစိတ်အပိုင်းတွေအား မကူးစက်နိုင်။

သူ့ပခုံးအနေအထားမှာ လက်ပြင်ကုန်းထား၍ ပုံပျက်ပန်းပျက်နိုင်လွန်းလှသည်။

သူ့လက်နှစ်ဖက်ကို ဘေးတွင်တွဲလောင်းချထားပြီး အင်္ကျီအိတ်နှိုက်လိုက်၊ ဘောင်းဘီအိတ် စမ်းလိုက်နှင့် ဗျာများနေတတ်သည်။ ထိုသို့ လုပ်နေစဉ် ကြမ်းပြင်တစ်လျှောက် ဟိုငေးဒီငေးလျှောက်ငေးနေသည်။ သူ့အသံမှာလည်း အတိမ်အနက် မရှိ။ ဩဇာဓာတ် မပါ။ အသက် မဝင်ပါ။

ထရိဆာကတော့ အထက်ကဖော်ပြချက်တွေနှင့် တခြားစိပဲဆိုကာ ပြောစရာလိုမယ် မထင်ပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

## ထရီဆာ့အပေါ် သုံးသပ်ချက်

ထရီဆာ အခန်းထဲသို့ဝင်လာပုံမှာ စင်မြင့်ပေါ် တက်လာသကဲ့သို့ ကတိုက်ကရိုက်လေး ဖြစ်သည်။ သူမ၏ ကိုယ်ဟန်လက်ဟန်တွေမှာလည်း တမင်လုပ်ထားပုံမျိုးပေါ်ပြီး ပရမ်းပတာ သိပ်နိုင်လွန်းနေသည်။ စကားပြောသောအခါ မျက်နှာက အိုဗာအိုက်တင်တွေ ဖြစ်နေသည်။ မျက်နှာပေးအမျိုးမျိုးဖြင့် မျက်စိနောက်လောက်သည်။ ထို့အတူ သူမမျက်နှာအမူအရာများက သူမ ပြောနေသောစကားများနှင့် မသက်ဆိုင်သလို ရှိသည်။

သူ့လုပ်ဖော်ကိုင်ဖက်တစ်ယောက်၏ ရယ်စရာဇာတ်လမ်းတစ်ပုဒ်ကို ပြောပြတဲ့အခါတွင်မူ သူ့မျက်နှာသွင်ပြင်သည် ဖြုန်းခနဲ ဝမ်းနည်းရိပ်သန်းပြီး ညှိုးငယ်သွားပုံ ပေါ်ခဲ့သည်။

နောက် စက္ကန့်ပိုင်းလေးအကြာ အလွန်ကြေကွဲစရာကောင်းသော ဖလွမ်းဇာတ်လမ်းလေး ဆက်ပြောသည်။ ဇာတ်ခုံပေါ်မှာ ကပြနေသော သံရုပ်ဆောင်များ ပြီးခင်မှာ စိတ်စော လောကြီးနေသူ ကားဆွဲဆရာတစ်ယောက်က ကားလိပ်ဆွဲအခန်းပြောင်း လိုက်သကဲ့သို့ သူ့မျက်နှာထား တစ်မျိုးပြောင်းသွားပြန်သည်။

ကြည့်နေရသူအတွက် ဆန့်တင့်ငဲ့ ခိုးလိုးခုလုကြီး ဖြစ်သွားရ၏။

အထူးသဖြင့် ဒေါ်ထွက်စရာအကောင်းဆုံးမှာ ငြင်းချက်ထုတ်ရာ၌ ရန်တွေ့သလို ကက်ကက်လန် ပြန်အော်ပြောခြင်းပင်။

တစ်ဘက်က ပြန်ချေပရန် ဒါမှမဟုတ် စကားလမ်းလွှဲပစ်ရန် ကြံထားသမျှလည်း ဘာပြောရမှန်းမသိအောင် ပျောက်ပျက်ကုန်သည်။

သူ စကားပြောပြီဆိုလည်း လက်ကြီးတ ဘားကား အစွမ်းကုန် ရမ်းကားလိုက်သည် ဖြစ်ခြင်း။

သို့ကလို တယမ်းယမ်းလက်ကြီးများက တစ်ဘက်သားကို ရိုက်တော့ပုတ်တော့မည့်အတိုင်းမို့ စိတ်မသက်မသာစရာ ဖြစ်ရပါ၏။


mgyoe.com

mgyoe.com SAMPLE BOOK 

သို့ပေမယ့် တစ်ဘက်လူက လွတ်လွတ်ကင်းကင်း နောက်ဆုတ်ရှောင်ပေးပြန်ရင်လည်း အလိုက်မသိအားမနာ မရှေ့မနောက ရှေ့တစ်လှမ်းတိုးပြီး ဇွတ်လိုက်ပြောပြန်ပါရော။

## ကိုယ်အမူအရာ ညံ့ဖျင်းတာ ဖြစ်ရိုးဖြစ်စဉ်ပါ

အားနိုးနှင့် ထရီဆာတို့ကတော့ သာမန်ထက် လွန်ကဲတဲ့သူတွေပဲပေါ့။

အသံမထွက်တဲ့စကားကို မတတ်ကျွမ်းလေ။ ဆုံးရှုံးနစ်နာမှုကပိုကြီးမားလေပါ။

ဘာကြောင့်လဲဆိုရင် အကောင်းဆုံး အခွင့်အလမ်းတွေရဖို့အရေးမှာ အသံတိတ်စကားကို တွင်တွင်ကျယ်ကျယ် သုံးရလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ လေ့လာမှုတွေအရ တစ်ရာ တစ်ယောက်လောက်သာ တကယ်စကားပြောကောင်းတဲ့ အရည်အသွေးတွေ အပြည့်ရှိကြတာ တွေ့ရပါတယ်။

ကျန်လူတွေကတော့ စကားပြောကောင်းတာထက် ဟန်ပန်မှင်မောင်းဖြင့် ထိန်းသွားတာ များပါတယ်။

ဒီတော့ စကားပြောကျွမ်းကျင်တိုင်း ဟန်ပန်မှင်မောင်း ကောင်းမယ်လို့ တွက်လို့ မရဘူးပေါ့။

ဒီအချက်ကို အပြောကောင်း အဟောကောင်းရယ်လို့ ထင်ရှားကျော်ကြားတဲ့ နိုင်ငံရေးသမားတွေနှင့် တခြားပုဂ္ဂိုလ်တွေ တီဗွီဖန်သားပြင်ပေါ် ဟောပြောနေတုန်းမှာ အသံခလုတ်ကို လျှော့ပစ်လိုက်ရုံဖြင့် သင်ကိုယ်တိုင် စမ်းသပ်ကြည့်နိုင်ပါတယ်။

သူတို့အသံတွေ ပျောက်သွားတာနှင့်တစ်ပြိုင်နက် သူတို့မှာစွဲမက်စရာ ဘာမှ မကျန်တတ်တာမျိုး မကြာမကြာတွေ့ရပါလိမ့်မယ်။ mgyoe.com

mgyoe.com SAMPLE BOOK

လူအတော်များများဟာ အသံမထွက်တဲ့ သတင်းပေးချက်တွေကို ပို့ရာမှာရော လက်ခံရာမှာပါ ညံ့ဖျင်းကြပါတယ်။

ဒါပေမယ့် ခက်ခဲနက်နဲသလောက် တိကျသေချာမှုရှိတဲ့ ဒီလို ဆက်သွယ်ရေး တစ်ခုရှိနေမှန်း သတိထားမိတဲ့လူတွေကလည်း ခပ်ရှားရှားပါပဲ။

**အဘယ်ကြောင့် အသံတိတ်စကားဟာ လျှို့ဝှက်တိမ်မြုပ်**

အသံတိတ်စကား ဘာလို့ ဒီလောက် လျှို့ဝှက်တိမ်မြုပ်နေရသလဲ ဆိုတာနှင့် လျှို့ဝှက်ပြောတဲ့ ဘာသာစကားအဖြစ် ဘာကြောင့် သတ်မှတ်ရတာလဲဆိုရာမှာ အကြောင်းရင်း သုံးချက် ရှိပါတယ်။

**(၁) သတင်းပေးမှုများကို မသိစိတ်အားဖြင့် အမှတ်တမဲ့လုပ်ဆောင်ခြင်း**

ကိုယ်အမူအရာအားဖြင့် ပြောပြတဲ့ အသိပေးမှုတွေဟာ အများအားဖြင့် ကျွန်တော်တို့သတိတရားရဲ့ ပုံမှန်အခြေအနေနှင့် ကင်းလွတ်ပြီး လုပ်ဆောင်မိတာ ဖြစ်ပါတယ်။

ဒီအပြုအမူတွေဟာ ကျွန်တော်တို့ ဘယ်လို တွေးထင်တယ်၊ ဘယ်လို ခံစားတယ်ဆိုတဲ့ အချက်တွေကို ကိုယ့်ဟာကိုယ်တောင် သေသေချာချာသတိမထားလိုက်မိဘဲ မသိစိတ်က ကြီးမားတဲ့စွမ်းအားတွေနှင့် လွှမ်းမိုးလှုံ့ဆော်မှုအလျောက် အမှတ်တမဲ့တုန့်ပြန်ချက်တွေလို့ပဲ ဆိုရပါမယ်။

ဖော်ပြပါဓာတ်ပုံတွေဟာ အဲဒီသဘောတရားကို အထင်ရှားဆုံး ပေါ်လွင်စေတဲ့ ပြယုဂ်တွေပါပဲ။

ခင်ဗျားဟာ အမျိုးသားတစ်ယောက်ဖြစ်ရင် အပေါ်တန်းက ဓာတ်ပုံနှစ်ပုံကိုကြည့်ပါ။ ဘယ်ပုံကို ပိုသဘောကျသလဲ။ ရွေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK


A


B


C


D

အမျိုးသမီး ဖြစ်မယ်ဆိုရင်တော့ အောက်ပုံ နှစ်ပုံထဲက တစ်ပုံကို ရွေးပါ။

အဲဒီ ရွေးချယ်မှုကို ရှေ့စာမျက်နှာတွေကို ဆက်မဖတ်ခင်မှာ လုပ်ရပါလိမ့်မယ်။

ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အမျိုးသားတွေ အနေဖြင့် ပုံ B ကို A ထက်ပိုပြီး သဘောကျမှာ ဖြစ်သလို...

အမျိုးသမီးတွေကလည်း C ကို D ထက် ပိုကြိုက်ဖို့ များပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဒါပေမယ့် သူတို့ ဘာကြောင့် ဒီလိုကြိုက်ကြတယ်ဆိုတာတော့ ရှင်းပြနိုင်မှာ မဟုတ်ပါဘူး။

ဖြေရှင်းချက်ကတော့ ရိုးရိုးစင်းစင်းလေး။

အဲဒီပုံ နှစ်ပုံစလုံးကို မျက်လုံးတွေ မသိမသာလေး ပိုကြီးအောင် ပြုပြင်ထားတာပါ။

ဓာတ်ပုံ A နှင့် D ကို မျက်လုံးတွေ ပိုငယ်သွားအောင် ပြင်ထားတယ်လေ။

ပုံတွေမှာ ဒီလောက်လေး ပြောင်းလဲသွားတာနှင့် ဘာတွေ ဘယ်လောက် ကွာခြားသွားသလဲဆိုတာ အင်မတန်အသိရခက်တဲ့ကိစ္စပါ။

ဒီစာအုပ်ရဲ့ နောက်ပိုင်းမှာ လူတွေရဲ့စိတ်ဝင်စားမှုနှင့် အာရုံတက်ကြွမှုကိုလိုက်ပြီး မျက်လုံးအရွယ်အစားတွေ ပြောင်းလဲပုံကို အသေးစိပ်တင်ပြထားတာ တွေ့ရပါလိမ့်မယ်။

ကျွန်တော်တို့ဟာ ဆွဲဆောင်မှုရှိသူတစ်ယောက်ယောက်ကို တွေ့လိုက်တာနှင့် မျက်လုံးတွေ ကျယ်သွားပြူးသွားတတ်ကြပါတယ်။

ဒီဓာတ်ပုံတွေထဲက မျက်လုံးပိုပွင့်နေတဲ့ပုံကို ရွေးချယ်လိုက်တာဟာ စိတ်ဝင်စားမှုရဲ့အာရုံချဲ့ထွင်မှုနှင့် မသိစိတ် ဆက်စပ်နေပါတယ်။

ဘာကြောင့်လဲဆိုတော့ ရွေးလိုက်တဲ့ပုံတွေထဲက အမျိုးသား သို့မဟုတ် အမျိုးသမီးဟာ ခင်ဗျားကို နှစ်သက်သဘောကျစေတဲ့ ပုံရိပ်အသွင်လက္ခဏာတွေ ပိုဆောင်နေတာဖြစ်လို့ ခင်ဗျားကလည်း အလိုက်အသည်းလိုက် ရင်းနှီးလေးစားသွားရတာပါ။

ဆန့်ကျင်ဘက်လိင်တွေအပေါ် ဆွဲဆောင်အားရှိတဲ့ အမျိုးသားအများစုအနေဖြင့် ဓာတ်ပုံထဲက အမျိုးသားကြီး D ထက် C ကို မနှစ်မြို့တာ တွေ့ကြပါလိမ့်မယ်။

ဒါ ဘာကြောင့်ဖြစ်ခဲ့ရသလဲဆိုရင် သူတို့ဟာ ဓာတ်ပုံရှင်အမျိုးသားကြီးရဲ့ တမင်ကျယ်ထားတဲ့ မျက်လုံးတွေထဲမှာပေါ်နေတဲ့ ဖိုမဆိုင်ရာ စိတ်ဝင်စားမှု(ညှို့ချက်)က သူတို့ကို ကသိကအောက်ဖြစ်စေပြီး


mgyoe.com

ချောက်လှန့်နေသလို ခံစားစေတာနှင့်အမျှ ပူပန်စိတ်၊ ရန်လိုစိတ်တွေကို ပွားလာစေလို့ပါပဲ။

အပြန်အလှန်အားဖြင့် အမျိုးသမီးတွေဆိုရင်လည်း အမျိုးသမီးချင်းကြည့်လိုက်တဲ့အခါ B ပုံမှာ ဘာခြိမ်းချောက်မှုမျိုးမှ မရှိသလို ကျယ်ဝန်းတဲ့မျက်လုံးအိမ်တွေက ခင်မင်မှုကို အားပါးတရ ဖော်ထားတဲ့အတွက် ပိုသဘောကျသွားရခြင်း ဖြစ်ပါတယ်။

ကိုယ်အမူအရာစကားက အဲဒီလို ပညာသားပါပြီး ပရိယာယ်ကြွယ်ပါတယ်။ ဒီလိုမျက်နှာပေးမျိုး (မျက်နှာအမူအရာမျိုး)မှာ ကြီးမားထင်ရှားတဲ့ အချက်ပြမှုတွေ လွယ်လင့်တကူမပါဝင်ဘဲ အမှတ်တမဲ့သတိလက်လွတ်ဖြစ်ပြီး၊ ရိပ်ခနဲဖျတ်ခနဲဆိုလသို သိမ်မွေ့နက်နဲတဲ့ အသိပေးမှုတွေကို အစွမ်းထက်ထက်သက်ရောက်မှုနှင့် ပြသခဲ့တယ်ဆိုရမှာပါ။

## မြင်းလိမ္မာကလေး ဟိန်းစ်ရဲ့ ဖြစ်ရပ်

အသံမထွက်တဲ့ သင်္ကေတနိမိတ်တွေပုံရဲ့ အရေးပါပြီး ထိရောက်ပုံတွေကို စိတ်ဝင်စားဖွယ်သရုပ်ပြခဲ့တဲ့ ပြိုင်မြင်းလေး ဟိန်းစ်ရဲ့ ဖြစ်ရပ်မှာတွေ့နိုင်ပါတယ်။

ဟိန်းစ်ကို ဟားဗွန်အော့စတင် အမည်ရှိ ဘာလင်မြို့သားတစ်ယောက်က ပိုင်ဆိုင်ပြီး၊ ဂဏန်းသင်္ချာတွေကို သူ့ရှေ့ ခြေတွေနှင့်ရေတွက်ပြတတ်အောင် သင်ကြားလေ့ကျင့် ပေးထားပါတယ်။

ဒါဟာ တိရစ္ဆာန်တစ်ကောင်ရဲ့ အံ့ဖွယ်သရဲထူးကဲလှတဲ့ အစွမ်းဖြစ်လို့ ဒီသတင်းဟာ ဥရောပတစ်ခွင်လုံး တစ်မုဟုတ်ချင်းပျံ့နှံ့ကျော်ကြားသွားပါတယ်။

တစ်ဘက်ကလည်း ဒါဟာ လီဆယ်လုပ်ကြံမှု၊ လိမ်လည်လှည့်စားမှုသာ ဖြစ်ကြောင်းနှင့် မလိုတမာသတင်းတွေ ထွက်ခဲ့ပြန်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီကြားထဲကပဲ မြင်းလိမ္မာလေးဟိန်းစ်အနေဖြင့် ရိုးရိုး အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတွေသာမက အပိုင်းဂဏန်းနှင့် ဆခွဲကိန်းတွေ ပါတဲ့ ပုစ္ဆာတွေကိုပါ တွက်တတ်တယ်လို့ သတင်းကြီးခဲ့ပြန်တယ်။

သူ့သခင် ဗွန်အော့စတင်က ဘာစကားတစ်ခွန်းမှ မပြောဘဲ နှင့် ဟိန်းစ်ဟာ သူ့ပရိသတ်ဦးရေ၊ ဆောင်းထားတဲ့ ဦးထုပ် ဘယ်နှစ်လုံး၊ မျက်မှန်ဘယ်နှစ်လက်ဆိုတဲ့ အရေအတွက်တွေကို ရေပြနိုင်ပါတယ်။

ဒီ့အပြင် အရေအတွက်ဆိုင်ရာ တခြားမေးသမျှတွေလည်း ဖြေပေးနိုင်တယ် ဆိုပဲ။

နောက်ပိုင်းမှာ ဟိန်းကို ဗျည်းအက္ခရာတွေ သင်ပေးခဲ့ရာက သူ့ကို ထောင်ပြလိုက်တဲ့စကားလုံးတိုင်းကို ခွာကို၊ အချက်ရေနှင့် ပေါက်ပြပြီး ဖြေနိုင်ခဲ့ပြန်တယ်လို့ သတင်းကျော်ခဲ့ပြန်တယ်။ ဒီတင် သိပ္ပံပညာရှင်တွေရဲ့အာရုံကို ဟိန်းစ်က ဖမ်းစားလိုက်ရာရောက်ပြီး လိမ်တာလား၊ တကယ်ထူးဆန်းတဲ့ မြင်းဉာဏ်လားဆိုတာ ဆန်းစစ်ဖို့ ကော်မရှင် ဖွဲ့လိုက်ကြတယ်။

ဟိန်းစ်ဟာ စိတ်ပညာနှင့် ဇီဝကမ္မဗေဒပါမောက္ခကြီးတွေ၊ ဆပ်ကပ် ပိုင်ရှင်တိရစ္ဆာန်ဆေးကုဆရာဝန်တွေ၊ မြင်းတပ်အရာရှိတွေ ရှေ့မှောက်မှာ အစွမ်းပြခဲ့ရပါပြီ။

သူ့သခင် ဗွန်အော့စတင်ကို ခန်းမထဲက ရှောင်နေစေခဲ့ပေမယ့် ဟိန်းစ်ဟာ ဖြစ်ရပ်မှန်တွေကို အသာလေးအလွယ်လေး ဖော်ထုတ်ပေးနိုင်ဆဲပါပဲ။

ကော်မရှင်တစ်ဖွဲ့လုံးက အားကျကျေနပ်သွားပြီး မြင်းလေးဟာ ဂဏန်းသင်္ချာနှင့် ဘာသာစကားတွေကို တကယ်နားလည်တယ်လို့ ကြေညာခဲ့ပါတော့တယ်။

သို့သော် ဒုတိယအကြိမ်မြောက်အနေနှင့်...

စိတ်ပညာအရာမှာ ပိုကျွမ်းကျင်တဲ့အဖွဲ့က လေ့လာစူးစမ်းလိုက်တဲ့အခါမှာတော့ ဒီယုံကြည်ချက်ကို ဆုံးခန်းတိုင်သွားစေပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


သူတို့ဟာ ပရိသတ်တစ်ယောက်မှ အဖြေမသိတဲ့မေးခွန်းတွေ မြင်းကလေးကို မေးကြတယ်။

နမူနာအဖြစ် ဗွန်အော့စတင်က မြင်းရဲ့ညာဘက်နားရွက်ကနေ ဂဏန်းတစ်လုံးကို တိုးတိုးလေး ကပ်ပြောလိုက်တဲ့ အချိန်အတွင်းမှာပဲ ပရိသတ်တစ်ယောက်က ဘယ်နားရွက်ကိုကပ်ပြီး နောက်ဂဏန်းတစ်လုံးကို တိုးတိုးလေး ပြောလိုက်တယ်။

အဲဒီတင် ဟိန်းစ် အူကြောင်ကြောင်ဖြစ်ကျန်ခဲ့ရတယ်။

အဖြေကတော့ ရှင်းရှင်းလေးပဲလေ။

ဟိန်းစ်ဟာ သူမတူအောင် ထူးချွန်တာမဟုတ်ဘဲ လူတွေရဲ့ ကိုယ်အမူအရာကို အကဲခတ်ရာမှာ အဆင့်မြင့်ကျွမ်းကျင်မှုနှင့် သိပ်ကောင်းတဲ့သတိဉာဏ် ရှိနေတာသာ ဖြစ်နေတယ်။

ဟိန်းစ်ကိုဖြေဖို့ မေးခွန်း စ,မေးလိုက်တာနှင့် ပရိသတ်က လှုပ်လှုပ်ရှရှဖြစ်သွားကြတယ်။

အမှန်စင်စစ် ဒါဟာ တက်ကြွမှုရဲ့ မဆိုစလောက်သော အရိပ်အရောင်ကလေးပါ။ လူတွေရဲ့သာမန်မျက်လုံးနှင့် မြင်ဖို့သိဖို့ မလွယ်လောက်အောင် ရိုးတိုးရိပ်တိပ်ကလေး ပေါ်သွားတာပါ။

ဒါပေမယ့် မြင်းတစ်ကောင်အတွက်တော့ ကောင်းကောင်းကြီး သတိပြုမိစရာ ထင်ရှားလုံလောက်တဲ့လက္ခဏာတွေ ဖြစ်ခဲ့ပါတယ်။

အဲဒီနောက် အဖြေမှန်ကိုပြတဲ့ ခွာချက်တွေပေးလိုက်တော့ ပရိသတ်က စိတ်အေးသက်သာ ငြိမ်ကျသွားပြန်တယ်။

ဟိန်းက လူတွေရဲ့အပြုအမူတွေ အသံမထွက်ဘဲပြောင်းလဲသွားတာတွေကို သတိမူမိရာက ခွာအပေါက် ရပ်လိုက်တော့တာပါပဲ။

ဒေါက်တာမတ်စ်နက်ပ်က ပြောတာကတော့...

"ဟိန်းစ်ရဲ့ လိမ္မာပါးနပ်မှုဟာ အသံထွက်ပြောကြားမှု သို့မဟုတ် အမိန့်ပေးသံတွေကြောင့် မဟုတ်ပါဘူး။ သူ့ဘေးက လူတွေရဲ့ အမှတ်မထင်လှုပ်ရှားမှုတွေရဲ့ တစ်စိတ်တစ်ဒေသနှင့် လူသာမန်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

မသိမမြင်နိုင်တဲ့အာရုံတွေကို ရယူခံစားနိုင်တဲ့ စွမ်းရည်ကြောင့်ပဲ ဖြစ်ပါတယ်"တဲ့။

(၂) ကိုယ်ပိုင်အမူအရာပိုင်း သတင်းစကားများ

အသံတိတ်စကားရဲ့ အရေးပါမှုတွေကို နားမလည်နိုင်အောင် ပိတ်ပင်ထားတဲ့ ဒုတိယအတားအဆီးကတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကလေးအတွင်းမှာ အသံမထွက်တဲ့သတင်းစကားတွေဟာ အံ့သြလောက်အောင် များပြားလှတာကြောင့်ပါပဲ။

ပင်စီလ်ဗေးနီးယားတက္ကသိုလ်က ဆက်သွယ်ရေးပညာ ပါမောက္ခရေးဘတ်ဒ်ဝှစ်စတဲလ်ကတော့ အဲဒီအချက်အလက်တွေကို ဖော်ထုတ်ဖို့စိတ်ကူးဖြင့် တွက်ဆ ဆန်းစစ်ကြည့်ပါတယ်။

သူပြောပုံကတော့ လူနှစ်ယောက်ကို ကိုယ်အင်္ဂါလှုပ်ရှားမှု မှန်သမျှ ဖမ်းယူနိုင်တဲ့စက်ကိရိယာတွေ တပ်ဆင်ဆက်သွယ်ထားတဲ့ အခန်းတစ်ခန်းထဲမှာ သွင်းထားမယ်။

တစ်ဘက်ခန်းက မှတ်တမ်းစက်နှင့် စောင့်ကြည့်နေမယ်။ ဒါဆိုရင် တစ်စက္ကန့်အတွင်းမှာပဲ သူတို့ကိုယ်ပေါ်က အသံတိတ်သတင်းပို့ချက်တွေ တစ်သောင်းလောက် ထွက်လာလိမ့်မယ်လို့ ဆိုပါတယ်။

ပြီးတော့...

"တကယ်လို့သာ ဒီလူနှစ်ယောက်ရဲ့ အပြန်အလှန်တုန့်ပြန်တဲ့ ကိုယ်အမူအရာတွေကို တစ်နာရီလောက် ဖမ်းယူမှတ်တမ်းပြုထားပြီး အမျိုးအစားခွဲခြားမယ်ဆိုရင် အမေရိကန်ပြည်မှာရှိတဲ့ လူဦးရေထက်ဝက် တစ်သက်လုံးဝိုင်းလုပ်ဖို့ လိုမယ်လို့ အကြမ်းဖျင်း ခန့်မှန်းရပါတယ်"တဲ့။

သူက ထင်မြင်ချက် ပေးပါသေးတယ်။

အမှန်တော့ အသုံးချနိုင်လောက်တဲ့ သတင်းပို့ချက်တွေ တစ်ပုံတစ်ခေါင်းကြီးရှိတဲ့အထဲက ကျွန်တော်တို့ဟာ မပြောပလောက်တဲ့ အနည်းငယ်ကိုသာ သတိထားမိကြတာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

ကျွန်တော်တို့ရဲ့ အနာဂတ်မျှော်လင့်ချက်တွေနှင့် အတိတ်က အတွေ့အကြုံတွေထဲက အခက်အခဲတွေပေါ် မူတည်ပြီး ကိုယ်အမူအရာပိုင်းဆိုင်ရာ အပြုအမူတွေကို ရေရှည်အားဖြင့် ဘယ်လို ဂရုစိုက်ထိန်းသိမ်းကြမလဲဆိုတာ အဖြေရှာဖို့ လိုပါတယ်။

ဥပမာအနေဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဟာ ရောဂါကုထုံးပညာရှင်ဆရာဝန်တစ်ယောက်၊ ဒါမှမဟုတ် လေ့လာသူတစ်ဦးထက်ပိုပြီး အသံတိတ်စကား ကိုယ်အမူအရာလှုပ်ရှား ပြောင်းလဲမှုကို ပီပီပြင်ပြင် သင်ကြားလေ့ကျင့်ထားရပါလိမ့်မယ်။

အခု ဒီဆန်းစစ်ချက်က ကိုယ်အမူအရာလှုပ်ရှားမှုဆိုတာ မသိစိတ်ရဲ့ စေညွှန်မှုအောက်က ဖြစ်လာတယ်ဆိုပေမယ့် အသေးအဖွဲ့အမှတ်တမဲ့ ပြုမိမှုလေးကိုတောင် သတိထားရင် သိနိုင်မြင်နိုင်တယ်ဆိုတဲ့အဓိပ္ပာယ် ထွက်ပါတယ်။

## (၃) ကိုယ်အမူအရာရဲ့ အရေးပါမှုတွေကို ဂရုမထားကြခြင်း

နှစ်နှစ် သုံးနှစ် ကလေးငယ်တစ်ယောက်ဟာ တခြားလူတွေနှင့် ဆက်သွယ်ရာမှာ အသံမထွက်တဲ့စကားနှင့် အသိပေးပြောဆိုတာကို အဓိက ထားကြရပါတယ်။

ဒီတော့ အကျိုးဆက်က သူတို့ဟာ အဲဒီဘာသာစကားကို အသုံးချရာနှင့် အဓိပ္ပာယ်ပြန်ရာမှာ ကျွမ်းကျင်လာကြတာပေါ့။

နောက်ကျမှ စကားပြောတတ်လာကြသလို၊ အသံတိတ်ပြောပြမှုဟာ စကားလုံးတွေအောက်မှာ ပိပြီး ပျောက်ပျက်သွားကြရတာပါ။

ဘာပဲပြောပြော ကျွန်ကော်တို့ဟာ ဂရုမထား လျစ်လျူရှုထားတဲ့ကြားကပဲ ကိုယ်အမူအရာအစွမ်းသတ္တိရဲ့ အရှိန်အဝါတွေတော့ ကျန်ခဲ့ပါသေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

လော့စ်အိန်ဂျလီးစ်မြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်က စိတ်ပညာပါမောက္ခ အဲလ်ဘတ် မီဟာဘီယန်းက လူတွေဟာ တကယ်ပြောလိုတဲ့စကားရဲ့ ၇ ရာခိုင်နှုန်းကိုသာ နားလည်လက်ခံရရှိပြီး၊ ဆိုလိုရင်းရဲ့ ၃၈ရာခိုင်နှုန်းဟာ အသံအနိမ့်အမြင့်အရ သိရတာဖြစ်တယ်။ အသံတိတ်စကားရဲ့သင်္ကေတ နိမိတ်လက္ခဏာတွေက ၅၅ ရာခိုင်နှုန်းရှိတယ်လို့ တွက်ပြခဲ့ပါတယ်။

အသံမထွက်ဘဲ အသိပေးဆက်သွယ်မှုရဲ့ အရေးပါအရာရောက်ပုံတွေကို ပါမောက္ခ ရေးဘတ်ဝှစ်စတဲလ်ကလည်း အတော်လေး ဖိအားပေးပြီး ဖော်ထုတ်ခဲ့ပါတယ်။

သူက လူတွေအနေနှင့် အသံထွက် စကားလုံးသုံးစွဲတာဟာ တကယ်တမ်းတွက်ကြည့်ရင် ပျှမ်းမျှအားဖြင့် တစ်ရက်မှ ၁၀မိနစ်မှ ဆယ့်တစ်မိနစ်လောက်သာ ရှိကြောင်း၊ အပြောဝါကျတစ်ကြောင်းရဲ့ ကြာမြင့်ချိန်ဟာလည်း အလွန်ဆုံး နှစ်စက္ကန့်ခွဲသာဖြစ်ကြောင်း ခန့်မှန်းခဲ့ပါတယ်။

သူ့တွေးချက်အရ လူနှစ်ယောက် ခွန်းတုံ့လှယ်စကားပြောနေတဲ့ အခါမျိုးမှာ အသံထွက်ပြောတာဟာ သုံးပုံ၊ တစ်ပုံတောင်မရှိတတ်ဘဲ ၆၅ရာခိုင်နှုန်းထက်ပိုတဲ့ အသံတိတ်စကား သင်္ကေတနိမိတ်လက္ခဏာတွေနှင့် အကျိုးသင့်အကြောင်းသင့် ထိရောက်စွာဆက်နွယ်နေတာသာ ဖြစ်ပါတယ်တဲ့။

ဒီအစိပ္ပာယ်က...

ခဏတဖြုတ်တွေ့ဆုံခိုက် တစ်ယောက်ကိုတစ်ယောက် ပြောရာမှာပဲဖြစ်ဖြစ်၊ နင်ပဲငဆ စကားများရန်ဖြစ်ကြရာမှာပဲဖြစ်ဖြစ်၊ အလုပ်ခန့်ဖို့ စစ်ကြောမေးမြန်းရာ ဒါမှမဟုတ် အေးအေးလူလူစကားစမြည်ပြောကြရာ၌ အကြိတ်အနယ် စေ့စပ်ညှိနှိုင်းရာတွေမှာပါမကျန် အသံထွက်ပြောတာထက် မြင်သာထင်သာတဲ့ အသံတိတ်အမူအရာတွေကို အသုံးပြုမှုက တစ်ဝက်ကျော်ကျော်ရှိပါတယ်လို့ ဆိုလိုရာ ရောက်တာပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK 

မျက်လုံးတွေထဲမှာ ရှိတယ်

ဘယ်အသိပေး ဖလှယ်မှုမျိုးမှာမဆို အမြင်ပေါက်ပြဆိုမှုရဲ့ အရေးပါအရာရောက်တဲ့ အကြောင်းအရင်းတစ်ခုကတော့၊ အရာရာကို အောင်မြင်စေနိုင်တာပါပဲ။ ဒီလို အဘက်ဘက်က အောင်မြင်ခြင်းတွေမှာ...

အကြားနှင့်အမြင် နှစ်ရပ်ကို အားပြုဆက်နွှယ်ပြီး ပါးစပ်က ပြောတဲ့စကားထက် အသံမထွက်တဲ့အမူအရာ ဟန်ပန်စကားတွေက အဓိကအကြောင်းခံတယ်လို့ ဆိုနိုင်ပါတယ်။

မျက်စိမမြင်တဲ့ 'အကန်း' ဖြစ်ချင်သလား။ နားမကြားတဲ့ 'နားထိုင်း'ဖြစ်ချင်သလားလို့ တစ်ခုခုကို မရွေးမဖြစ် ရွေးရမယ်ဆိုရင် တောင် ၉၅ရာခိုင်နှုန်းကျော်ဟာ 'နားထိုင်း'ဘဝကိုပဲ ရွေးမှာ သေချာတယ်၊

မျက်လုံးနှင့် နားတွေက ဖမ်းယူနိုင်တဲ့ သတင်းပို့ချက်အရေအတွက် ဘယ်သူက ပိုများတယ်ဆိုတာ တိုင်းတာသိရှိဖို့ မလွယ်ပေမယ့် မြင်နိုင်စွမ်းပမာဏက အကြားအာရုံကြောတွေထက် ဦးနှောက်ကို ဆက်သွယ်အသိပေးရာမှာ သာတယ်လို့ ယူဆတာကြောင့် ဖြစ်ပါတယ်။

မျက်စိကအာရုံကြောတွေဟာ နားကအာရုံကြောမျှင်တွေထက် တစ်ဆယ့်ရှစ်ဆ ပိုများတာနှင့်အမျှ သိနိုင်စွမ်းအားကလည်း တစ်ဆယ်ရှစ်ဆ သာတယ်လို့ တွက်ဆစရာပါပဲ။

မျက်လုံးအိမ်နောက်ဘက်က အလင်းဖမ်းကိရိယာ အာရုံခံအလွှာကိုပဲ ကြည့်။ ဦးနှောက်နှင့် အနီးစပ်ဆုံး။ ဦးနှောက်ရဲ့ရှေ့တန်းစစ်မျက်နှာ ဖြစ်နေတာကလား။

အမြင်နှင့် အကြား စနစ်နှစ်ခုရဲ့ အကွာအဝေးနှင့်ပတ်သက်လို့ ကွဲပြားခြားနားရတဲ့ စွမ်းရည်တွေကလည်း ထင်ရှားတဲ့ သက်သေတစ်ခုလို့ ဆိုနိုင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

နားဟာ ပေနှစ်ဆယ်ကျော်မက ကြားနိုင်စွမ်းရှိပြီး၊ စကားပြော နှုန်း လျှော့ချလို့ တစ်လုံးချင်းလှမ်းပြောတာကို ပေတစ်ရာကျော်ကျော် လောက်က ဖမ်းယူနိုင်မှာပါ။

လူနှစ်ယောက်ဟာ အဲဒီအကွာအဝေးလောက်မှာပဲ ပုံမှန်အသံနှင့် စကားလက်ဆုံ ကျပါပြီတဲ့။

ဒါဆိုရင်တော့ မကြားနိုင်တော့ပေမယ့် တန်းပြီး ကွက်ခနဲမြင်ရဖို့ သေချာပါတယ်။

ဒီလို နှိုင်းယှဉ်ခြင်းအားဖြင့် မျက်လုံးတွေဟာ ပေတစ်ရာအကွာ မှာရှိသမျှ ရုပ်ဝတ္ထုအမြောက်အမြားကို မြင်သိအောင် ထောက်လှမ်း နိုင်တဲ့အပြင် တစ်မိုင်လောက်အဝေးက အချက်ပြဆက်သွယ်တာကို လည်း မြင်နိုင်စွမ်းရှိပါသေးတယ်။

အသံရဲ့သွားနှုန်းနှင့် အလင်းရဲ့သွားနှုန်း အမြန်နှုန်းချင်း ယှဉ် ကြည့်မယ်ဆိုရင်လည်း အသံလှိုင်းတွေဟာ ပင်လယ်ရေမျက်နှာပြင် ပေါ်မှာ တစ်စက္ကန့်မှာ မိုင် တစ်သိန်းရှစ်သောင်းခြောက်ထောင်ရှိတာ ကြောင့် အပြတ်အသတ်ကွာခြားတာ တွေ့ရပါတယ်။

ဒီအပြင် နားက လက်ခံကြားသိနိုင်တဲ့ အသံတုန်ခါနှုန်းတွေဟာ အကန့်အသတ်ရှိပြီး တစ်စက္ကန့်မှာ ၅၀ကနေ ၁၅၀၀၀ ဆိုင်ကယ် အတွင်းမှာပဲ ဖြစ်ပါတယ်။ မျက်လုံးကတော့ တစ်စက္ကန့်မှာ သန်းပေါင်း ၁၀,၀၀၀,၀၀၀,၀၀၀ ရှိတဲ့ အလင်းရိုက်နှုန်းတွေကို ဖမ်းယူမြင်နိုင်စွမ်း ရှိပါတယ်။

သုတေသနပြုချက် တစ်ရပ်အရလည်း ကျွန်တော်တို့ရဲ့မျက်လုံး တွေဟာ သတင်းအချက်အလက်တွေကို စုဆောင်းရယူရာမှာ နားတွေ ထက် ပိုပြီးတိကျသေချာသလို၊ နားတွေထက်လည်း အလွဲအမှား ပိုနည်းကြောင်း သိရပါတယ်။

ဒီအချက်တွေ အားလုံးဟာ ကျွန်တော်တို့ရဲ့ သုတေသနပညာရှင် များကို သတင်း(သိမှု)တွေ စုဆောင်းတဲ့နေရာမှာ မျက်လုံးတွေက


mgyoe.com

mgyoe.com SAMPLE BOOK

နားတွေထက် အဆတစ်ထောင် ပိုပြီးအစွမ်းထက်တယ်လို့ အဖြေထုတ်စေခဲ့ပါတယ်။

စင်စစ်တော့ ဒီတွေ့ရှိချက်တွေက အသံတိတ်ပြောတဲ့ ကိုယ်အမူအရာစကားတွေဟာ နှုတ်ကဖွင့်ဟလာတဲ့ အသံစကားလုံးတွေကို ကြီးစိုးလွှမ်းမိုးတဲ့ အနေအထားရှိကြောင်း ထင်ရှားသိသာစွာ ပြဆိုလိုက်တဲ့ အဓိပ္ပာယ်ပါပဲ။

အမှုမဲ့အမှတ်မဲ့ဆိုရင်တော့ ဒီအချက်ဟာ လူ့သမိုင်းနှင့် လူမှုဝန်းကျင်ရဲ့ အဆင့်ဆင့်တိုးတက်မှုမှာ သိပ်အရေးပါပြီး ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြုနိုင်တယ်လို့ ထင်ကြမှာမဟုတ်ဘူးပေါ့။

## အသံတိတ် ပြောစကားနှင့် ဘယ်ဘက် ဦးနှောက်၏ ခံစားမှု

လူအများစု အသင့်အတင့်နားလည်ထားတာက ဦးနှောက်ရဲ့ ဘယ်ဘက်ခြမ်းဟာ စကားပြောဖို့ အထူးလုပ်ဆောင်ပေးတယ်လို့ပါပဲ။

ဦးနှောက်ရဲ့ အရေးကြီးတဲ့ ဗဟိုအစိတ်အပိုင်းတွေဖြစ်တဲ့ ဘရိုကားနှင့် ဝါနစ်ကီတို့ ထိခိုက်ပျက်စီးသွားရင် စကားလည်း မပြောနိုင်တော့ဘူး။ ပြောတဲ့စကားလည်း မသိနိုင်တော့ဘူး။

အသံနှင့်အကြား လှုပ်ရှားမှုယန္တရားတွေ အကောင်းပကတိရှိတဲ့တိုင်အောင် ဦးနှောက်ကထိန်းချုပ်ထားတဲ့ ထုတ်လွှင့်မှုနှင့် လက်ခံရယူမှုတွေ ပျက်သုဉ်းသွားတာပဲ ဖြစ်ပါတယ်။

ဘယ်ဘက်ဦးနှောက်ဟာ ယုတ္တိဗေဒနည်းကျ တွေးခေါ်ဆင်ခြင်ဖို့ တောင်းဆိုလာတာတွေကိုလည်း အကောင်းဆုံးဖန်တီးနိုင်ပါတယ်။

ဒီအတူ လူသားအချင်းချင်းဆက်သွယ်ရေးတွေမှာ အသံထွက်ဖို့ထက် ရုပ်သွင်လက္ခဏာဆိုင်ရာအချက်ပြမှုတွေကို လုပ်ဆောင်ဖို့ရာ ဘယ်ဘက်ဦးနှောက်ရဲ့ ပဲ့ကိုင်လမ်းညွှန်မှုက တစ်စိတ်တစ်ပိုင်း တာဝန်ရှိမယ်လို့လည်း ယူဆကြပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါပေမယ့် ဒီလို ယုံကြည်မှုလွန်ကဲတာဟာ ရှုပ်ထွေးခြင်းတွေနှင့် နားလည်မှုလွဲမှားခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ အသံတိတ်စကားရဲ့ သတင်းပို့ချက်တွေကို ချဉ်းကပ်လေ့လာရာမှာ အဲဒါမျိုးတွေကို ကျွန်တော်တို့ ရှောင်ကြဉ်ရပါလိမ့်မယ်။

အသံမပါတဲ့ ပြောဆိုမှုဆိုင်ရာပါရဂူ ဝါရင်းလမ့်ဘ်ကတော့ ခုလို ဝေဖန်ချက် ပေးခဲ့ပါတယ်။

စကားလုံးသက်သက်ဟာ လွတ်သွားရုံတင် မကဘူး။ လှည့်စားလိမ်ညာတာတွေ၊ ဒါမှမဟုတ် ပြောဖို့မလို အပိုသက်သက်တွေလည်း ဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံ နားထောင်တာထက် ကြည့်တာဟာ ပိုသာပြီး အကြီးအကျယ် စိတ်ဝင်စားစရာပိုကောင်းတာမို့ စကားလုံးရဲ့ ပို့ဆောင်မှု အခန်းကဏ္ဍအနေနှင့် နယ်ကျဉ်းလှတယ်လို့ ဆိုရမှာပါ။

## အသံတိတ်စကားကို အသုံးပြုခြင်း

ကျွန်တော် ရှင်းလင်းတင်ပြခဲ့သမျှမှာပဲ ကိုယ်အမူအရာဖြင့် ပြောဆိုမှုရဲ့ အကျိုးအာနိသင်ဟာ မိရိုးဖလာဘာသာစကားကို လည်လည်ဝယ်ဝယ်ပြောနိုင်သလောက်ကို ပေါင်းသင်းဆက်ဆံရေး အောင်မြင်မှုမှာ အရေးကြီးပြီး အဆုံးအဖြတ်ပေးနိုင်စွမ်းရှိကြောင်း သဘောပေါက်လောက်ပါပြီ။

ကိုယ်အမူအရာပေါင်းစုံဖြင့် သတင်းပို့ရာမှာ ပိုင်နိုင်ကျွမ်းကျင်ခြင်းအားဖြင့် လူရင်းချင်းပဲဖြစ်စေ၊ အများသူငါ သူစိမ်းတွေနှင့်ပဲဖြစ်စေ ဘယ်လို တွေ့ဆုံဖလှယ်မှုမျိုးမှာမဆို သင် ကောင်းကောင်းကြီးထိန်းထားနိုင်ပါလိမ့်မယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


## အခန်းနှစ်

'လူသည် ဖုံးကွယ်ဟန်ဆောင်တတ်သည်'ဆိုသော 'လူ'ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သမိုင်းအထောက်အထား မတော်တဆလေးမျှပင် ကျွန်ုပ် မတွေ့ဘူးပါ။

အများလက်ခံ အသိအမှတ်ပြုထားကြသူသည်မှာ...

'လူတိုင်းလူတိုင်း အမြဲတစေ နေရာတကာ၌ သိသိကြီးဖြစ်စေ၊ မသိတသိဖြင့်ဖြစ်စေ ဘဝပေးအခြေအနေအရ ကျရာအခန်းမှ ကပြနေကြရပြီး ထိုကျရာအခန်းအလျောက် တစ်ယောက်နှင့်တစ်ယောက် နားလည်ကြရ၏။ မိမိကိုယ် မိမိလည်း နားလည်ကြရ၏' ဟူ၍ပင်တည်း။

*ရောဘတ် ပတ်စ်*
(လူ့သမိုင်းနှင့် ယဉ်ကျေးမှု)


mgyoe.com

mgyoe.com
SAMPLE BOOK

# စိတ်ကို ထိန်းချုပ်စေစားခြင်း

ခံစားမှုလက္ခဏာကို တစ်စွန်းတစ်စပြတဲ့အနေဖြင့် တချို့လူတွေဟာ ကြောက်အားလန့်အား လက်နှစ်ဖက်မြှောက်ပြီး ကားလားယမ်းလား လုပ်မိတတ်ပါတယ်။

သူတို့အနေဖြင့် ဒါဟာ အထိတ်တလန့်မို့ အမှတ်တမဲ့ဖြစ်သွားတာ ဆိုနိုင်သလို၊ လိမ်ညာမှုကို ဖုံးဖိဖို့၊ လှည့်စားမှုကို တွန်းအားပေးဖို့၊ ခံစားချက်အစစ်ကို ကာကွယ်ဖို့နှင့် ပင်ကိုလူ့သဘာဝကို မရိုးမသားအသွင်ပြောင်းပစ်ဖို့ ကျွမ်းကျွမ်းကျင်ကျင် တမင်လုပ်ပြတာလို့လည်း ယူဆစရာပါပဲ။

ဒီလို သုံးသပ်ချက်တွေကို မျိုးတူစုလိုက်ရင် အဓိက ခေါင်းစဉ်ကြီးငါးခုအောက်မှာပဲ ရှိနေပြီး၊ ဒါကိုသိလိုက်တဲ့ ခင်ဗျား ကိုယ်တိုင်လည်း မလုပ်ခင် စဉ်းစားဆင်ခြင်ဆုံးဖြတ်မှုတွေ အတိုင်း အတာတစ်ခုအထိ လုပ်လာနိုင်မယ်လို့ ထင်ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

***သုံးသပ်ချက် ၁ ။ ။ သက်သက် အမူအရာလုပ်တာပါ။***

ဒီအဆို ပေါ်ပေါက်လာရတဲ့ အကြောင်းရင်းကတော့ ခံစားမှု သရုပ်ဖော်ဆောင်မှုဟာ အသံတိတ်စကားက တစ်ဆင့်တက်လာတဲ့ ဒါမှမဟုတ် အသွင်ပြောင်းသွားတဲ့ သဘောတွင် သက်ဝင်နေလို့ပါပဲ။

ဒါနှင့်အမျှ သဘာဝအပြုအမူတွေ ရပ်တန့်သွားရာက အမူအရာ လုပ် သရုပ်ဆောင်တာတွေ အစပျိုး ဝင်လာတာကြောင့်ပဲ ဖြစ်ပါတယ်။

ထူးဆန်းတာက ဘာသာစကားသင်တန်းတွေ၊ အများပရိသတ်ကို ဟောပြောမှုသင်တန်းတွေအပေါ်မှာတော့ ဒီလိုမျိုး အဝေဖန်ခံရခဲ့တာပါပဲ။

ပြင်သစ် သို့မဟုတ် ဂျာမန်ဘာသာ သင်တဲ့အခါမှာ ဆရာက တပည့်ကို နည်းမှန်လမ်းမှန်ဖြင့် နှုတ်က ပြောတတ်အောင် သင်ပေးသလို အသံတိတ်စကားတွေကိုပါ (မျက်နှာမူ မျက်နှာမောင်းကအစ)သင်ပေးမှာ မလွဲပါဘူး။

ဘာပဲဖြစ်ဖြစ် ကိုယ်အမူအရာစကားကို နားလည်တတ်ကျွမ်း လာတဲ့အခါမှာ ကိုယ်အမူအရာစကားတွေဟာ အသံထွက်ပြောတဲ့စကား နှင့် အပြိုင်အဆိုင် အသိပေးအကြောင်းကြားတာ၊ ကိုယ့်ဘက်ပါအောင် သွေးဆောင်တာ၊ အရှိန်အဝါဖြင့် လွှမ်းမိုးတာ၊ တစ်ဘက်သားကို ဖျော်ဖြေ တာ သို့မဟုတ် ရွှင်မြူးစေတာတွေထက် မပိုတဲ့ သရုပ်ဆောင်မှုပဲဆိုတာ သိလာပါလိမ့်မယ်။

ဒီထက် ပိုလွန်ကဲမိရင်တော့ မရိုးသားတဲ့စိတ်နှင့် ကောက်ကျစ် ညစ်ပတ်ပြီး လိမ်ညာလှည့်စားရာ ရောက်သွားမယ့် အဓိပ္ပာယ်ပါပဲ။

***သုံးသပ်ချက် ၂ ။ ။ အလိုအလျောက်ဖြစ်ခြင်း မဟုတ်။***

ကိုယ်အမူအရာစကားဟာ သူ့အလိုအလျောက်ပြုလုပ်တာ မဟုတ်ဘူးဆိုတာ အသုံးပြုခါစမှာ မမှန်ပါဘူး။

နိုင်ငံခြားဘာသာကို လေ့လာခါစ ကျောင်းသားတစ်ယောက် အဖို့တော့ တမင်လုပ်သလို လေ့ကျင့်ယူရတာပါပဲ။


mgyoe.com

mgyoe.com
SAMPLE BOOK

အသံတိတ်စကားကို ပြောဆိုဖို့ စတင်ကြိုးစားတဲ့အခါမှာ နည်းနည်းတော့ မဝံ့မရဲနှင့် ယောင်ဝါးဝါးဖြစ်ပြီး တုံ့ဆိုင်းနေမှာ အမှန်ပဲလေ။

သို့ပေမယ့် ကြိုးစားပမ်းစားလေ့ကျင့်လိုက်ရုံဖြင့် အချက်ပြအမူအရာတွေဟာ အသံထွက်ပြောသလောက် ထိရောက်မှုမရှိသေးတဲ့တိုင်အောင် သိပ်အားမစိုက်ရဘဲ၊ လျှောလျှောလျူလျူ သူ့ အလိုအလျောက်ဖြစ်လာပါလိမ့်မယ်။

***သုံးသပ်ချက် ၃ ။ ။ ကျွမ်းကျင်စွာ လုပ်ဆောင်တာ။***

မှန်တယ်၊ အစစ်ပဲ။ ဒါပေမယ့် စကားလုံးဖြင့် ပြောတာနှင့်တော့ မတူဘူးပေါ့။

တူတူ မတူတူ ကျွန်တော်တို့ဟာ အချင်းချင်းလွှမ်းမိုးကြီးစိုးဖို့ ကြိုးစားတဲ့သဘောတွေ ပါနေတာချည်းပါပဲ။

လူတွေ ဆုံတွေ့ကြတဲ့အခါတိုင်း (ရှောင်တခင် အခိုက်အတန့်လေးကလွဲလို့) တစ်ယောက်ကိုတစ်ယောက် အတွင်း စိတ်ဓာတ်ဖော်ပြဖို့ ကြံကြတာချည်းပါပဲ။

ပထမဆုံးတွေ့ချိန်မှာ တစ်ဘက်လူရဲ့နာမည်ကို တစ်ကြိမ်ကြားရုံဖြင့် မှတ်မိဖို့ ခဲယဉ်းတဲ့အကြောင်းတစ်ခုကတော့ တိုတောင်းလှတဲ့အချိန်လေးအတွင်း ဘယ်သူ ဘာပြောတယ်ဆိုတာ မနည်းအာရုံစိုက်နေပြီး၊ တစ်ဘက်ကလည်း ကိုယ့်စိတ်သဘောကို ဖော်ထုတ်ပြဆိုဖို့ အလုပ်များနေရတာကြောင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ တစ်စုံတစ်ရာရရှိရေးအတွက် ဆန္ဒချင်းဖလှယ်တဲ့အနေဖြင့် စကားပြောကြတာ ဖြစ်ပါတယ်။ မိတ်ဆွေဖွဲ့မယ်။ အိမ်ထောင်ရေး ဆွေးနွေးမယ်။ အလုပ်ကိစ္စ၊ ကန်ထရိုက်ကိစ္စ၊ သံသယပြေရှင်းဖို့ကိစ္စတွေ ပါမယ်။ သဘောတူညီမှု၊ လက်ခံမှု၊ နားလည်မှု၊ သတင်းပေးမှု၊ ဒါမှမဟုတ် သတင်းနှိုက်မှုတွေလည်း ဖြစ်နိုင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ကိစ္စပဲဖြစ်ဖြစ် စကားလုံးတွေရဲ့အဓိပ္ပာယ်ကို အတွင်းကျကျ နှိုက်ကြည့်တဲ့အခါ ကျွမ်းကျင်လိမ္မာတဲ့ ကိုင်တွယ်မှုရဲ့ အဓိကအရည်အသွေးတွေဟာ ပေါ်လွင်လာရစမြဲပေါ့။

ကျွန်တော်တို့အနေဖြင့် ရေငုံနှုတ်ပိတ်နေခြင်းနှင့် စကားပြောဆိုခြင်းဟာ တခြားစီပဲဆိုတာ နှိုင်းယှဉ်ချက် ထုတ်နိုင်ပါတယ်။

ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက်ကို ညှော်ခံပွဲတစ်ခုမှာ တွေ့ပြီဆိုပါတော့။ သူ့ကို ခင်ခင်မင်မင် တရင်းတနှီးတွေ့ချင်လာမှာပါပဲ။

ဒီလိုပဲ ကိုယ်ကိုယ်တိုင်လည်း လူတကာစွဲမက်လောက်၊ ချီးမွမ်းလောက်အောင် အကောင်းဆုံး နှုတ်အမူအရာ ကိုယ်အမူအရာတွေကို စွမ်းနိုင်သရွေ့ ထုတ်ပြမှာ သေချာပါတယ်။

ရယ်စရာအကောင်းဆုံး ပြက်လုံးတွေဖြင့် ပွဲကျအောင် လုပ်မယ်။

ဇဝနဉာဏ်ရှင်ရှင်ဖြင့် ပုံတိုပတ်စတွေ ပြောမယ်။

ပုံပြင်ဇာတ်လမ်းတွေရဲ့ ဦးတည်ချက်တွေကို ဖော်ထုတ်မယ်။

ဒါတွေဟာ ယေဘုယျအားဖြင့် ခင်မင်ရင်းနှီးမှု ပိုရပြီး ထင်ထင်လင်းလင်း ကိုယ်စွမ်းပြလိုက်တာပဲ မဟုတ်လား။

ဒီနေရာမှာ လက်ရဲဇက်ရဲ ဒါမှမဟုတ် မရဲတရဲဖြစ်နိုင်သလို၊ ပါးပါးနပ်နပ် ဒါမှမဟုတ် ကောက်ကောက်ကျစ်ကျစ်လည်း ဖြစ်နိုင်တာပဲ။

ဘာပဲဖြစ်ဖြစ် အဲဒီ ခင်ဗျားပြောသမျှတွေနှင့် ဟန်ပန်တွေအားလုံးကို ထိန်းထိန်းဆဆ သေသေချာချာစဉ်းစားပြီးမှ လုပ်ခဲ့ရတာပဲ ဖြစ်ပါတယ်။

ဒါဟာပဲ လူမှုရေးပညာရှင် အာဗင်ဂေါ့ဖ်မင်းစကားနှင့်ပြောရရင် 'အရှေ့ပိုင်း'ပြတာပါပဲ။ တစ်နည်းအားဖြင့် 'မျက်နှာစာ'ပြတာပါပဲ။ ရှေ့ပိုင်းမျက်နှာစာဆိုတာကလည်း လောကကြီးမှာ အတွင်ကျယ်ဆုံး ကျွန်တော်တို့သုံးကြတဲ့ လူ့အင်္ဂါရုပ်ဆိုရင် မမှားပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK


ပါမောက္ခဂေါ့ဖ်မင်းက ခုလို မိန့်ကြားပါတယ်။

လူတစ်ယောက်ဟာ သူ့စိတ်ထဲက တိကျတဲ့ရည်ရွယ်ချက်နှင့် ဒီရည်ရွယ်ချက်ဖြစ်ထွန်းရတဲ့ အကြောင်းရင်းကို အလေးမထား မိခြင်းဟာ ဒီလူ့အနေဖြင့် တခြားလူတွေရဲ့လုပ်ရပ်အပေါ် (အထူးသဖြင့် သူတို့ရဲ့ တုန့်ပြန်ဆက်ဆံမှုတွေ)ကို ကြိုးကိုင်ထိန်းချုပ်ဖို့ ကြံနေလို့ပါပဲ။

လူတစ်ယောက် တခြားလူရှေ့ ထွက်လာခြင်းဟာလည်း သူ့အစွမ်းကို ထုတ်ပြချင်လို့သာ ဖြစ်တာနှင့်အမျှ ဒီလိုအစွမ်းပြဖို့ စိတ်ဆန္ဒထက်သန်နေတာကြောင့်ပဲ ဖြစ်ပါတယ်။

ဒီတော့လည်း ကိုယ့်ဟာကိုယ် ပြဇာတ်အိုက်တင် လုပ်နေတယ်လို့ ခံစားဖို့ အချိန်မရတော့ဘူး။ တစ်နည်းဆိုရင် အလိုလိုဖြစ်တဲ့ သဘာဝတွေပျောက်နေလျက်၊ သို့မဟုတ် ကျမ်းကျွမ်းကျင်ကျင် တမင် လုပ်တယ်လို့ လက်မခံဘဲနှင့် လူအချင်းချင်း ချဉ်းကပ်ဖို့သာ စဉ်းစားမိတော့တာပေါ့။

ကျွန်တော်တို့ဟာ တစ်ယောက်နှင့်တစ်ယောက် အဆင်ပြေပြေ ဆက်ဆံဖို့ လိုလားတဲ့ ပင်ကိုဆန္ဒရှိပြီး၊ တတ်နိုင်သလောက်လည်း ရိုးရိုး လေး ဖော်ပြတတ်ကြပါတယ်။

အသံတိတ်စကားဖြင့် စိတ်သရုပ်ကို ထိန်းသိမ်းပြဆိုရာမှာလည်း ဒီအမှန်တရားကိုပဲ လက်ကိုင်ထားတာပါ။

ကွာခြားတာကတော့ ကိုယ်အမူအရာဘာသာစကားကို သုံးတဲ့ အခါမှာ လက်ဟန်ခြေဟန်တွေ၊ မျက်လုံးမျက်နှာတွေ၊ ကိုယ် အနေ အထားတွေဟာ စကားစုတွေ စာကြောင်းတွေထက် ပိုပြီးပါဝင် တာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း မေးခွန်းထုတ်စရာ တစ်ခုပဲရှိတာက လူတစ်ဦးက တခြားလူတစ်ဦးကို ကိုယ်အမူအရာဖြင့် ပြောဆိုရာမှာ ပြည့်စုံမှုနှင့် အဆင်ပြေအောင်မြင်မှု ရှိနိုင်ပါ့မလား ဆိုတာပါပဲ။

mgyoe.com

တခြားစကားလုံး သုံးမယ်ဆိုရင် ကျွမ်းကျွမ်းကျင်ကျင် သွေးဆောင်နိုင်ရဲ့လား၊ ဒါမှမဟုတ် အကျိုးမရှိ အချည်းနှီးများ ဖြစ်နေမလားလို့။

***သုံးသပ်ချက် ၄ ။ ။ မရိုးသားပါ။***

ဖြူစင်ရိုးသားမှုကို အောင်အောင်မြင်မြင် သရုပ်ဆောင်ဖော်ထုတ်ခြင်းရဲ့ လျှို့ဝှက်ချက်နှင့် ပတ်သက်လို့ ကျော်ချဲဆန်းစ်ဆိုတဲ့ အဖိုးအိုကြီးတစ်ယောက်ပြောခဲ့တဲ့ ပြက်လုံးရှိတယ်။

'မင်း ကလိမ်ကကျစ်နှင့် ဖြီးဖြန်းလိမ်ညာမယ်ဆိုရင်တော့ မခက်ပါဘူး။ ခုလုပ် ခုဖြစ်ပါတယ်။ ဒါပေမယ့် အမှန်ကို ပြောမယ်ဆိုတဲ့အခါ ပြောသမျှ မရိုးမသားမုသားစကားတွေထဲမှာ ရိုးသားမှုလေး နည်းနည်း ပိုထည့်လိုက်ရုံပါပဲ'တဲ့။

ယဉ်ကျေးတဲ့အိမ်ရှင်က ဘိုသီဘတ်သီ ခရီးပန်းလာတဲ့ ဧည့်သည်ကို အတည်ပေါက်ဖြင့် ပြောလိုက်တယ်။

'ရှင့်ကြည့်ရတာ စိတ်ချမ်းသာစရာပါပဲ'တဲ့။

မိတ်ဆွေဟောင်းတစ်ယောက်က ကျောင်းနေဖက်တစ်ယောက်ကို တွေ့ရာက အလုံးထွားထွားအာလူးလို ဘိုက်ကြီးဆူထွက်နေတာ၊ တင်ပါးဆုံကြီးတွေ ဖောင်းကားအိထွက်နေတာကို မျက်ကွယ်ပြုပြီး...

'နင်က ဝလို့လှလို့ပါလားဟယ်'တဲ့။

မုသားမပါ လက်ာမချောဆိုတဲ့စကားကို လက်ကိုင်ထားကြတာလူ့ထုံးစံပဲလေ။

မိသားစုအတွင်းမှာရော၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးမှာပါ အမှန်ကိုပြောတဲ့အချိန်က နည်းနည်းလေးပါ။

ဒီအချက်ကိုထောက်လို့ ပါးစပ်စကားပဲပြောပြော၊ အသံတိတ်အမူအရာစကားပဲသုံးသုံး ဘယ်အသိပေးဖလှယ်မှုမျိုးမှာမဆို မရိုးသာမှုဟာ အမြဲပါနေတာပါပဲ။


mgyoe.com

 mgyoe.com SAMPLE BOOK

'အခန်း တစ်ဆယ့်လေး'မှာ ပြော့ရမယ့်အတိုင်းဆိုရင် အသံ တိတ်စကားကို ဘာသာပြန်အဓိပ္ပာယ်ကောက်တတ်တဲ့ လူတစ်ယောက်ကို လိမ်ညာလှည့်စားဖို့ ခက်လှပါတယ်။

ဒီအချက်ကို လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်ကတည်းက ဖရိုက် က ထုတ်ဖော်ခဲ့တာပါ။

သူက...

'လူတွေဟာ စကားလုံးတွေနှင့် ဘယ်လိုပဲ ညာပြောပြော အကဲ ဖမ်းတတ်တဲ့လူရှေ့မှာတော့ သူ့ခံစားချက်တွေက အသံမထွက်တဲ့နည်း ဖြင့် ဖောက်ပြန်ပြီး ဘူးပေါ်သလို ပေါ်နေမှာပဲ'တဲ့။

ခင်ဗျားက တခြားလူတွေအပေါ် လှည့်စားဖို့ လိမ်ညာဖို့ ကြံရွယ် ခဲ့မယ်ဆိုရင်တောင် အသံတိတ်စကားကို အကျွမ်းတဝင်နားလည်ထား တာက ထူးထူးကဲကဲအထမြောက်အောင် ပံ့ပိုးပေးပါလိမ့်မယ်။

သို့သော်...

တစ်ပြိုင်တည်းဆိုသလိုပဲ အတွင်းစိတ်ရဲ့သရုပ် သဏ္ဍာန်တွေက ထိန်းချုပ်ထားတဲ့ကြားက လွတ်ထွက်ပြီး တစ်ဘက်က ရိပ်မိသွား မှာကိုလည်း တားလို့ရမှာ မဟုတ်ပါဘူးလေ။

***သုံးသပ်ချက် ၅ ॥ ॥ ထင်ထင်ရှားရှား သိလွယ်ပါတယ်။***

ဒီအဆို မှန်တယ်ဆိုတဲ့နောက်တော့ အသံတိတ်စကားနှင့် ပြောရာမှာ အထူးမကျွမ်းကျင်မှုအတွက် ဆင်ခြေပေးနေစရာ မလိုတော့ ပါဘူး။

ကိုယ်အမူအရာစကားကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနားလည်ပြီး အသုံးချနိုင်တာဟာ ဗီဇဉာဏ်သက်သက် မဟုတ်ပါဘူး။

လေ့လာသင်ယူထားတဲ့ အကြားအမြင်ဗဟုသုတနှင့် ကျွမ်းကျင်မှု တွေ ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။


mgyoe.com

လူတွေက ဒီအဆိုကို အကြီးအကျယ်ကန့်ကွက်တဲ့အခါမှာ ကွန်ပြူတာပညာရှင်တစ်ယောက်ရဲ့အဖြစ်ကို သွားသတိရမိပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ စတော့ဈေးကွက်မှာ အပွကြဲနိုင်တဲ့ပရိုဂရမ်တစ်ခုကို ကွန်ပြူတာထဲမှာ ရေးသွင်းဖို့ ဆုံးဖြတ်ခဲ့ပါသတဲ့။

ဒီလို နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး အစုရှယ်ယာတွေနှင့် ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို စုဆောင်းခဲ့ရာက ထိပ်တန်းပွဲစား တစ်ထောင်လောက်ရဲ့ အသိအမြင်တွေကို ကွန်ပြူတာရဲ့မှတ်ဉာဏ်ဘဏ်ထဲ ထည့်ထားနိုင်ခဲ့တယ်ဆိုပဲ။

ဒီနောက် သူက ဒေါ်လာသန်းချီတန်တဲ့ မေးခွန်းတွေကို မေးလိုက်မိတယ်။

စတော့ရှယ်ယာဈေးကွက်က အချိုကြီးမြတ်ပြီး၊ တထိုင်တည်းသူဌေးဖြစ်အောင် ငါဘာလုပ်ရမလဲပေါ့။

မီးရောင်တွေ ဖျိုးဖျိုးဖျပ်ဖျပ် လက်သွားတယ်။

သံလိုက်တိတ်ခွေတွေ မွှတ်နေအောင် လည်သွားတယ်။

မိုက်ခရိုချစ်ပ်လမ်းကြောင်းတစ်လျှောက် အလက်ထရွန်လျှပ်မှုန်တွေ စီးပြေးသွားတယ်။

နောက်ဆုံး လင်းလက်လာတဲ့ အဖြေကတော့

'ကျဈေးနှင့်ဝယ်၊ တက်ဈေးနှင့်ရောင်း'တဲ့။

သီအိုရီခေါ်တဲ့ စာတွေ့သက်သက် ဆိုတာကတော့ ရိုးရိုးစင်းစင်းလွယ်လွယ်လေးပါပဲ။

တကယ်လက်တွေ့ အကောင်အထည်ဖော်ဖို့သာ ခက်တာပါ။

ကိုယ်အမူအရာနှင့် ဘယ်လိုပြောမလဲဆိုတာကို မလေ့လာခင်နေ့စဉ် အရေးကိစ္စတွေမှာ လူတွေ ဘယ်လိုသင်္ကေတတွေနှင့် အချက်ပြကြတယ်ဆိုတာရယ်၊ ဒီလို သတင်းပို့ အသိပေးသင်္ကေတနိမိတ်တွေရဲ့ အနက်အဓိပ္ပာယ်တွေရယ်ကို လေ့လာကြည့်ကြပါဦးစို့။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း သုံး

မျက်နှာဖုံး 'ဟန်ရုပ်'ဆိုသည်မှာ ကျွန်ုပ်တို့အာရုံထဲ၌ ပုံဖော်ချင်သော စိတ်ကူးစိတ်သန်းများအတိုင်း တစ်ဆင့်ပြသမှုဖြစ်၍ ဤသည်ပင် ကျွန်ုပ်တို့၏အခန်းကဏ္ဍကို မြှင့်တင်ရန် ကြိုးစားသောသဘောပင်။

သို့နှင့်အမျှ ဟန်ရုပ်မျက်နှာဖုံးသည် ကျွန်ုပ်တို့၏ ပကတိအမှန်တရားဟု ဆိုရပေမည်။

ကျွန်ုပ်တို့သည် လူ့လောကအတွင်းသို့ တစ်ဦးချင်း ဝင်ရောက်လာပြီး အကျင့်စရိုက်များရရှိခဲ့ရာမှ လူ ပီသလာကြရ၏။

ရောဘတ်ပတ်စ်
(လူ့သမိုင်းနှင့် ယဉ်ကျေးမှု)


mgyoe.com

mgyoe.com
SAMPLE BOOK

# အသက်ဝင်လှုပ်ရှား အသံတိတ်စကား

ထိရောက်တဲ့ စိတ်သရုပ်လက္ခဏာ ထိန်းချုပ်စေစားမှုမှာ အချက်ပေး သင်္ကေတအမျိုးမျိုး ဘယ်နည်းဘယ်ပုံ အသုံးပြုကြတယ်ဆိုတာကို သိဖို့ အသံတိတ်ပြောစကားရဲ့အခြေခံကစပြီး စူးစမ်းလေ့လာကြရအောင်။

အသံမထွက်တဲ့ အချက်ပြ သင်္ကေတတွေကို အဓိကအားဖြင့် လေးမျိုးလေးစား ခွဲခြားနိုင်ပါတယ်။


## ၁။ အထိမ်းအမှတ် သင်္ကေတများ

တသီးတသန့်ထူးခြားတဲ့ ယဉ်ကျေးမှုအလိုက် စကားတစ်လုံး သို့မဟုတ် စကားလုံးတွေအဖြစ် တိုက်ရိုက်ဘာသာပြန်နိုင်တဲ့ အချက်ပြ သင်္ကေတ ရှိကြပါတယ်။

ဥပမာ... လက်မထောင်ပြတာ အောင်မြင်ခြင်း အမှတ်လက္ခဏာ အနေဖြင့် လက်ညှိုးနှင့် လက်ခလယ် ထောင်ပြတာ၊ အိုကေ အဆင်ပြေတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုပြဖို့ လက်မနှင့် လက်ညှိုးကို ဝိုင်းပြတာတွေ အပါအဝင်ပေါ့။


mgyoe.com

mgyoe.com
SAMPLE BOOK




ဒီလို ဝိုင်းပြတဲ့သင်္ကေတကိုပဲ ရေငုပ်သမားတွေက အားလုံးကောင်းတယ်၊ ရေငုပ်တယ်၊ ထမင်းဆာတယ်ဆိုတာတွေကို ပြောရာမှာ သုံးပါတယ်။)

ပြီးတော့ မျက်နှာဘေး တစ်ဘက်တစ်ချက်က နားထင်နားရင်း တွေကို လက်ဝါးနှင့်ပြိုင်တူအုပ်ပြီး မောပန်းနွမ်းနယ်မှုကို ပြသပါတယ်။

ဒီ–အိုအေဆိုတဲ့ သင်္ကေတဟာ ၁၉ ရာစု အစောပိုင်း အမေရိကန်မှာ အတော်လေး ခေတ်စားခဲ့ပါတယ်။ အမေရိကန်သမ္မတတွေက အောင်နိုင်မှုကြွေးကြော်ချက်အဖြစ် သုံးခဲ့တယ်ဆိုပါတယ်။

အဲဒီကမှ ဥရောပနှင့် အာရှကို တမဟုတ်ချင်း ပျံ့နှံ့သွားရာက သူတို့နှစ်သက်ရာ အဓိပ္ပာယ်တွေနှင့် သုံးတော့တာပါပဲ။ ပြင်သစ်မှာဆိုရင် ၈လို ဝိုင်းပြတာဟာ သုည၊ ဒါမှမဟုတ် ဘာမှ မရှိဘူးဆိုတဲ့သဘောပေါ့။ ဂျပန်တွေကျတော့ 'ငွေ'ကို ဆိုလိုကြပါတယ်။ မက်ဒီတာရေးနီးယန်းနိုင်ငံ အချို့မှာတော့ မိန်းမရှာတွေကို ရည်ညွှန်းတဲ့ သင်္ကေတဖြစ်သွားပါလေရော။

## လက်မထောင်ပြသင်္ကေတ




အင်္ဂလန်၊ ဩစတေးလျနှင့် နယူးဇီလန်တွေမှာ လက်မထောင်သင်္ကေတကို အသုံးများပါတယ်။ လက်မချည်း ထောင်တာက မပူနှင့်၊ မစိုးရိမ်နှင့်လို့ အသံထွက်ပါတယ်။ ဒါကိုပဲကား လမ်းမြေတွေကျတော့'အိုကေ' တဲ့ အထိမ်းအမှတ်အနေနှင့် သုံးကြပြန်သတဲ့။ထောင်ထားတဲ့ လက်မကို ဆတ်ကနဲ ချိုးကွေးပြလိုက်တာဟာ 'လက်မြှောက်'ဒါမှမဟုတ် 'ဒီမှာထိုင်'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဂရိနိုင်ငံ



mgyoe.com

မှာတော့ အဲဒါကို မနှစ်မြို့တဲ့အခါမှာ အဓိက အသုံးပြုကြပါတယ်။ ဩစတေးလျက ကားလမ်းမြေတွေ ဒီသင်္ကေတ သုံးရင် သူတို့ အကျပ်ရိုက်နေရတာ ပြီလို့သာမှတ်တော့။

အီတာလျံတွေ တစ်ကငါး ရေပြတဲ့အခါ လက်မကစပြီး တစ်၊ လက်ညှိုး 'နှစ်'လို့ အစဉ်အတိုင်း ထောင်ပြကြလိမ့်မယ်။ ဩစတျေးလျ၊ အမေရိကန်နှင့် အင်္ဂလိပ်တွေကျတော့ တစ်ကို လက်ညှိုးနှင့် စရေပြီး နှစ်က လက်ခလယ်၊ သုံးလေးက လက်သူကြွယ်နှင့် လက်သန်း၊ ငါးကျမှလက်မ ထုတ်ရေတာပဲ။

လက်မကို တစ်ခြား လက်ဟန်ခြေဟန် မျက်နှာဟန်တွေနှင့် တွဲပြီး ဩဇာညောင်းမှု၊ ထည်ဝါမှု၊ အစိုးတရ မြင့်မြတ်မှု သင်္ကေတ ဒါမှမဟုတ်တခြားလူတွေကို သူတို့ လက်မခြေမအောက်က လူတွေ ပါလို့ပြောတဲ့ အနေနှင့်လည်း ပြသတတ်လေရဲ့။

## ဗီ (V) သင်္ကေတ



အောင်မြင်ခြင်း

သာမန်အားဖြင့် ဒါဟာ အတော်လေး လူသိထင်ရှားတဲ့ အောင်မြင်မှု သင်္ကေတပါ။ ဒုတိယကမ္ဘာစစ်က အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချီဟာ ဒီသင်္ကေတနှင့် တော်တော်လေး ပေါ်ပြူလာ ဖြစ်လိုက်ပါသေးတယ်။ သူက လက်ဖဝါးကို ရှေ့ဆက်ထားပြီး လက်ညှိုးနှင့် လက်ခလယ်ထောင်ပြလိုက်တာပဲပေါ့။ ဒါကိုပဲ ကိုယ့်ဘက်ကိုယ် လှည့်ပြီး ကွေးလှုပ်ပြလိုက်တဲ့အခါ ထ,စမ်း သို့မဟုတ် လက်မြှောက်လို့ အဓိပ္ပာယ် ထွက်သွားမှာပါ။ ဥရောပတစ်နေရာက ဘားဆိုင်မှာ သွားပြရင်တော့ စားပွဲထိုးက ဘီယာနှစ်ခွက် ယူလာပါလိမ့်မယ်။ ဒါကိုပဲ တစ်ချို့ဥရောပ နိုင်ငံတွေမှာ မကြည်ဘူးဆိုတဲ့ သင်္ကေတအဖြစ် သုံးလေ့ရှိပါတယ်။

mgyoe.com SAMPLE BOOK

ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်ကိုယ် သီးသန့်တီထွင်ထားရာက လူမျိုးခြားတွေ အတိအကျ ဘာသာမပြန်နိုင်တဲ့ အထိမ်းအမှတ် သင်္ကေတတွေလည်း အတော်များများရှိပါတယ်။


နမူနာပြရရင် ကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုတာကို ပါပူအာနယူးဂီနီ တောင်ပိုင်းအရှေ့ခြမ်းက လူတွေက သူတို့ရဲ့လည်မြို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပြပါတယ်။

အမေရိကန်တွေကတော့ လက်ညှိုးတစ်ချောင်း ဒါမှမဟုတ် နှစ်ချောင်းဖြင့်ပစ္စတို သေနတ်ပုံစံလုပ်ပြီး နားထင်ကို ထောက်ပြပါလိမ့်မယ်။

ဂျပန်တွေအနေဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လက်မောင်းသားတွေကို အားကောင်းမောင်းသံ လှုပ်ပြတတ်ပါတယ်။

ကိုယ့်လူမျိုး ယဉ်ကျေးမှုအလိုက် မတူကွဲပြားတဲ့သင်္ကေတနိမိတ်တွေဟာ အရေအတွက်အားဖြင့် အများကြီးပါပဲ။

အမေရိကန်ပြည်ထောင်စုမှာ ပုံမှန်အသုံးပြုတဲ့ နိမိတ်ပုံ သင်္ကေတတွေဟာ တစ်ရာဝန်းကျင်လောက် ရှိသလို အများစံချိန်တင်တယ်လို့ ပြောရမယ့် အစ္စရေးကျောင်းသားတွေကြားမှာ နှစ်ရာ့ငါးဆယ်ကျော် ရှိပါတယ်။



စက်ချွတ်ယွင်းမှု ရှိနေတယ်

ပုံသေသတ်မှတ်ထားတဲ့ သင်္ကေတအထိမ်းအမှတ်တွေကို အထူးပြု အသံတိတ်ပြောကြားမှု စနစ်ပေါင်းစပ်ပြီး အသုံးချတာမျိုးကိုတော့ တယ်လီဗီးရှင်း၊ စတူဒီယိုတွေမှာ စက်ခုံမန်နေဂျာတွေက ရုပ်သံလွှင့်သူတွေနှင့် ဆက်သွယ်ရာတွင် မကြာမကြာတွေ့ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

စကာ တစ်ခုခုချွတ်ယွင်းမှုရှိနေရင် ညာလက်ညှိုး ကန့်လန့်ဖြတ် လှဲထားတာကို ထောင်ထားတဲ့ ဘယ်လက်ညှိုးပေါ်တင်ပြီး တိ အက္ခရာ ပုံစံလုပ် ပြတော့တာပါပဲ။

လက်ညှိုးတစ်ချောင်းကို လေထဲမှာဝိုင်းပြပြီး စတူဒီယိုခန်း မီးနီကို ညွှန်ပြတဲ့အခါပွာယ်က 'အသံလွှင့်နေတယ်၊ စကားမပြောနှင့်'လို့ ပြောတာပါ။

ဒီလက်ညှိုးကိုပဲ လေထဲမှာ ခရုပတ်သဏ္ဌာန် လက်ဝဲရစ်ပြတာက အချိန်စေ့သွားပြီးတဲ့။



အသံလွှင့်မှု ကောင်းနေတယ်



အသံဖမ်းတာ ရပ်ပစ်လိုက်

လက်လေးချောင်း ထောင်ပြီး လည်မျိုကိုဖြတ်သလို လုပ်ပြတာကတော့ 'အသံလွှင့်နေတဲ့လူကို ရပ်ခိုင်းလိုက်၊ သူ့အသံ သုံးလို့မရဘူး'လို့ အမိန့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

အချက်ပြ အထိမ်းအမှတ်တိုင်းဟာ လက်ချောင်းလေးတွေ၊ လက်တွေ၊ လက်မောင်းတွေချည်း သုံးတာ မဟုတ်ပါဘူး။

စက်ဆုပ်ရွံရှာမှုကို ရည်ညွှန်းရာမှာ နှာခေါင်းကို ရှုံ့ပြလေ့ရှိပါတယ်။

ဝေခွဲမရ၊ မသေချာမရေရာတဲ့သဘောကို ပခုံးနှစ်ဖက် တွန့်ပြပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ငြင်းပယ်ချက်ကျတော့ ခေါင်းခါပြပါတယ်။

အထိမ်းအမှတ်သင်္ကေတတွေကို တစ်ဦးချင်းဖြစ်စေ၊ တစ်ညီတည်း အတူတူစုပေါင်းလို့ဖြစ်စေ ဝါကျတိုတွေအနေနှင့်လည်း ဖန်တီးအသုံးပြုနိုင်ပါတယ်။

နမူနာအနေနှင့်ပြောရရင် ခင်ဗျားဟာ ညွှန်ကြိုမလေး တယ်လီဖုန်းပြောနေတဲ့ရုံးခန်းထဲ ဝင်သွားတာကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်လိုက်ပါ။

ညွှန်ကြိုမလေးက အချက်ပြသင်္ကေတနည်းဖြင့် 'သူဖုန်းဆက်နေတုန်းပါ'လို့ အသံတိတ် တောင်းပန်တယ်။ 'ထိုင်ပါ'လို့ ဖိတ်ခေါ်တယ်။ တစ်ဘက်က စကားရှည်နေလို့ စိတ်မရှည်တဲ့ပုံမျိုးလည်း ပြတယ်။ ပြီးတော့ အုပ်ချုပ်မှုမန်နေဂျာကြီး ငါးမိနစ်အတွင်း ရောက်လာပြီး ခင်ဗျားကို တွေ့မယ့်အကြောင်းလည်း လက်ဟန်ခြေဟန်ဖြင့် ပြတယ်။

အဲဒါတွေဟာ အသံမဲ့သင်္ကေတ အထိမ်းအမှတ်လက္ခဏာတွေပါပဲ။

အလွယ်ကူဆုံး အဓိပ္ပာယ်ဖော်နိုင်တဲ့ သင်္ကေတတွေကတော့

၁။ 'ထိုင်ပါ'၊ 'လာပါ'၊ 'ဟိုဘက်ကို သွားပါ'ဆိုတဲ့ လမ်းညွှန်မှုတွေ။

၂။ 'တိတ်တိတ်နေစမ်း'၊ 'အေးအေးဆေးဆေးနေ'၊ 'ငါ့နောက်လိုက်ခဲ့' ဆိုတဲ့ အမိန့်ပေးစကားတွေ။

၃။ 'ငါ ပူတယ်/အေးတယ်'၊ 'သူ မိုက်တယ်/ ရူးတယ်'စတဲ့ ရုပ်အခြေအနေပြတာတွေ။

၄။ 'သွားသေလိုက်'၊ 'မိုက်ရင်ထွက်ခဲ့' စတဲ့ ရန်စစော်ကားမှု။

၅။ 'ဟုတ်ကဲ့'၊ 'မဟုတ်ဘူး'၊ 'ငါ ကတိပေးတယ်'၊ 'ငါကြိုက်တယ်'ဆိုတဲ့ တုံ့ပြန်ချက်ကို ရည်ညွှန်းမှု။


mgyoe.com

၆။ ‘ငါစိတ်ဆိုးတယ်’၊ ‘ငါဝမ်းနည်းတယ်’ဆိုပြီး ခံစားချက်ကို ထင်ဟပ်မှု။

၇။ ‘ဂစ်တာရိုက်ကလေး’၊ ‘ဘုတ်ထိုင်းမကြီး’ဆိုတဲ့ ပုံသဏ္ဍာန် ဖော်ပြချက်။

၈။ ‘ငါ လိုက်ပါရစေ’၊ ‘ကျေးဇူးပြုပြီး ပိုက်ဆံ နည်းနည်းလောက်’ ‘ငါ့ကို ကျွေးပါ’စတဲ့ ပန်ကြားမှုတွေပါပဲ။

စိတ်သရုပ်ကို ထိန်းချုပ်စေစားနိုင်စွမ်းရှိသလောက် လုပ်ပြနိုင်တဲ့ နိမိတ်သင်္ကေတတွေဟာ တန်ဖိုးအနေနှင့် နည်းကောင်းနည်းပါလိမ့်မယ်။ သို့သော် ဒါတွေကို ဗဟုသုတ ရှိထားသိထားခြင်းအားဖြင့် အကူအညီ သုံးမျိုး ပေးနိုင်ပါတယ်။

## အထိမ်းအမှတ်များကို အဆင်ပြေစွာ အသုံးပြုခြင်း

ပထမ တစ်ချက်အားဖြင့် သူ့နေရာနှင့်သူ သင့်တော်တဲ့ အထိမ်းအမှတ်သင်္ကေတတစ်ခုကို သုံးတာဟာ အဖွဲ့အစုတစ်ခု ဒါမှမဟုတ် လူမျိုးတစ်မျိုးရဲ့ လက်ခံကြည်ဖြူမှုကို ရနိုင်ပါတယ်။

ဒီနေရာမှာ အထိမ်းအမှတ်သင်္ကေတကို အသိအမှတ်ပြုတံဆိပ်အနေဖြင့်သုံးပြီး သူတို့ရဲ့ယုံကြည်မှုတွေ၊ သဘောထားအယူအဆတွေကို ဝေမျှသိခွင့်ရတဲ့အကြောင်းတွေကို တင်ပြပါ့မယ်။

မေဆင်လျှို့ဝှက်ဂိုဏ်းက သူတို့ဂိုဏ်းသားမှန်း သိအောင် တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆတ်တဲ့အခါမှာ သူတို့ဂိုဏ်းသားဖြစ်ကြောင်း သိသာအောင် လက်မဖြင့် ဖိပြီး အချက်ပေးတာမျိုးပါပဲ။

နိုင်ငံခြားခရီးသွားတဲ့အခါ ဒါမှမဟုတ် ကိုယ့်အနီးအနားက အုပ်စုတစ်ခုထဲ ဝင်ဆံ့ဖို့ နည်းလမ်းရှာတဲ့အခါ ဉာဏ်အမြော်အမြင်ကြီးကြီးဖြင့် အထိမ်းအမှတ် သင်္ကေတတစ်ခုကို သုံးတာဟာ အဖိုးမဖြတ်နိုင်အောင် အကျိုးရှိပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

သို့သော်လည်းပဲ ပုံစံအအနေအထား၊ ဗဟုသုတအရ ကိုယ်တကယ်တမ်း ပိုင်နိုင်မှုမရှိသေးဘဲ ဂုဏ်ဒြပ်အဆင့်အတန်းတွေကို ဖော်ညွှန်းတဲ့ သင်္ကေတတစ်ခုကို သုံးရာမှာတော့ သတိထားရပေလိမ့်မယ်။

နမူနာပြရရင် မေဆင်ဂိုဏ်းရဲ့ လျှို့ဝှက်လက်ဆွဲနှုတ်ဆက်မှုကို ကြားဖူးနားဝဖြင့် အသုံးချပြီး သူတို့ရှိရာကို ဝင်မယ်ဆိုပါတော့။ ပုံစံမကျရင် သူတို့ဂိုဏ်းဝင်တွေက ခင်ဗျားဟာ အယောင်ဆောင်အတုအလိမ်ဆိုတာ ချက်ချင်း သိသွားနိုင်ပါတယ်။ (ခုတော့လည်း လူတိုင်းသိနေတဲ့ ဒီသင်္ကေတလောက်က လျှို့ဝှက်ချက်ကြီးရယ်လို့ မဟုတ်တော့ပါဘူး။)

အမှန်စင်စစ်တော့ သုံးရာမှာ မှားတာဟာ အကျိုးအမြတ်ထွက်ဖို့ထက် ဆုံးရှုံးပျက်စီးဖို့က များပါတယ်။

ခပ်ဆင်ဆင်အထိမ်းအမှတ်တွေ စတင်အသုံးပြုတဲ့ လူတွေအဖို့လည်း ဒီအချက်ကို ဂရုစိုက်ဖို့ လိုပါတယ်။

အချုပ်ဆိုရရင် ကိုယ်သုံးနေကျမဟုတ်တဲ့ အထိမ်းအအမှတ်သင်္ကေတတွေကို သတိထားတာဟာ အကောင်းဆုံးပဲဖြစ်ပြီး မမှားမယွင်းအောင်၊ အံဝင်ခွင်ကျ သင့်တော်အောင် သုံးတတ်ဖို့လည်း အရေးကြီးတယ် ဆိုတာပါပဲ။

ဒုတိယအချက်အနေဖြင့် အထိမ်းအမှတ်သင်္ကေတတွေကို နားလည်သိရှိထားတာဟာ ပေါ့ပေါ့ဆဆဖြင့် မှားယွင်းပြီး အချက်ပေးမှုတွေကို ရှောင်ကြဉ်နိုင်ပါတယ်။

ဥပမာ အာရပ်နိုင်ငံတွေမှာ ခေါင်းကို ဘယ်ညာ ယမ်းပြတာဟာ 'ဟုတ်ကဲ့'လို့ ပြောတာပါ။

ခေါင်း အပေါ်မော့ပြီး လျှာကို ဖွဖွလေးကိုက်ပြတာဟာ သဘောတူလက်ခံတာ မဟုတ်ပါဘူးလို့ 'ငြင်းဆန်'တဲ့အဓိပ္ပာယ်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK 

ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို အရှေ့အလယ်ပိုင်းက ထမင်းစားပွဲကြီးတစ်ခုမှာ သိုးမျက်လုံးတစ်လုံး ချကျွေးခဲ့ပါတယ်။ သူက ဒီ တစ်လုတ်စာဟင်းလျာကို ခါးခါးသီးသီး ငြင်းဆန်တဲ့အနေဖြင့် ယဉ်ယဉ်ကျေးကျေးပဲ ခေါင်းကို တစ်အား ခါပြမိတယ်လေ။

ဒါပေမယ့် သူ မျက်လုံးပြူးမျက်ဆံပြူး လန့်ဖျပ်သွားရတာက စေတနာရက်ရောလှတဲ့ သူ့အိမ်ရှင်က သိုးမျက်လုံးတွေ တစ်ပုံကြီး ထပ်ထည့်ပေးလို့ သူ့ခမျာ အားနာပါးနာဖြင့် အဲဒါတွေအားလုံးကို ကြိတ် မှိတ် မြိုချခဲ့ရပါပကော။

သူကလည်း အလွဲလွဲအမှားမှား အချက်ပြမိတာကိုး။

နားထင်ကို လက်ညှိုးထောက်ပြီး ဝက်အူရစ်သလို လှည့်ပြတာကို တိုင်းပြည်အတော်များများမှာ 'ဒီလူရူးနေပြီ၊ ဦးနှောက်သိပ်မကောင်းတော့ဘူး'လို့ ပြောတဲ့ အထိမ်းအမှတ် ဖြစ်ပါတယ်။

ဒီ သင်္ကေတဟာပဲ ဂျာမဏီပြည်ကျတော့ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြင့် အဖမ်းတောင်ခံရမယ့် ရန်စတဲ့အဓိပ္ပာယ် သက်ရောက်နေပြန်တယ်။

ဝ

အီတလီမှာ ဖောက်ပြန်တဲ့မိန်းမရဲ့ ကာမပိုင်ယောကျ်ားရယ်လို့ အချက်ပြတဲ့သင်္ကေတက လူတစ်ယောက်ကို လက်သန်းရယ်၊ လက်မရယ် ညွှန်ပြတာ။ အဲဒါဟာ တခြားနေရာကျတော့ ခံရတဲ့အဖွဲ့အဖို့ အကြမ်း ဖက်မှုသုံးတာ မှန်တယ်လို့ဆိုလိုတဲ့ အထိမ်းအမှတ် ဖြစ်သွားတယ်။

သက်ဆိုင်ရာ နိုင်ငံအလိုက် အသုံးပြုတဲ့ အထိမ်းအမှတ်တွေကို လေ့လာသိရှိထားခြင်းအားဖြင့် ကမ္ဘာလှည့်တဲ့အခါမျိုးမှာ အရှုပ်အထွေး



mgyoe.com

mgyoe.com SAMPLE BOOK

ပြဿနာတွေက ကင်းဝေးပြီး စိုးရိမ်ကြောင့်ကြရမှုတွေကို ဖယ်ရှား ပေးနိုင်ပါတယ်။

ပမာပြရရင် ဆော်ဒီအာရေဗျမှာ လူတစ်ယောက်က တခြား တစ်ယောက်ရဲ့နဖူးကို နမ်းပြတဲ့အဓိပ္ပာယ်က ပန်ကြားတောင်းပန်တာ ပဲ ဖြစ်ပါတယ်။

ဂျော်ဒန်နှင့် အာရပ်တိုင်းပြည် အတော်များများမှာ ညာဘက် လက်မကို ပါးစပ်ထဲထည့်ပြီး သွားတွေနှင့် ခေါက်ပြတာကတော့ ဒီလူ့မှာ ပိုက်ဆံနည်းနည်းပဲပါတယ်လို့ သတင်းပေးတာပါ။

လစ်ဗျားအမျိုးသားတစ်ယောက်က သူ့လက်ညှိုးထိပ်ဖျားတွေ ကို ပါးပြင်နှစ်ဖက်ကို ထောက်ပြီး ရစ်လှည့်ပြတာကတော့ မိန်းမလှလေး တစ်ယောက်ကို နောက်ပြောင်ရာ ပိုးပန်းရာမှာ သုံးပါတယ်။

နောက်ဆုံး တတိယမြောက်အချက် အထိမ်းအမှတ်သင်္ကေတ တွေကို နားလည်ထားပြီး သူတို့ရဲ့ အသုံးချပုံတွေကို မျက်ခြည်မပြတ် လေ့လာထားတာဟာ နိုင်ငံတကာ လှည့်ဖြားလိမ်ညာမှုတွေကို ဖော်ထုတ် သိရှိနိုင်စေပါတယ်။

တစ်ခါက အရှေ့အလယ်ပိုင်းမှာနေတဲ့ ကျောင်းဆရာတစ် ယောက်ရဲ့ဇနီး အင်္ဂလိပ်အမျိုးသမီးတစ်ဦးဟာ သူ့ခင်ပွန်း ဥရောပ ကို သွားအလုပ်လုပ်နေတုန်းမှာ အာရပ်ကျောင်းသားတစ်ဦးနှင့် ငြိ စွန်းမိပါတယ်။

သူ့ခင်ပွန်း အိမ်ပြန်ရောက်လာတော့ သူ့ကို အဲဒီကျောင်းသား နှင့် ဆက်ဖောက်ပြားမှု ရှိ မရှိ မေးတယ်။ ဇနီးသည်က သူတို့ချင်း ဘယ်လိုမှ မတွေ့ခဲ့ပါဘူးလို့ မလုံမလဲဖြင့် ငြင်းတယ်။ ငြင်းပုံကတော့ သူ့ခေါင်းကို ဆတ်ခနဲ မော့ပြီး လျှာတစ်လစ်ကလေးကို ကိုက်လို့ ပါတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK 

အာရပ်တွေရဲ့အမူအကျင့် သင်္ကေတကို ပြမိခြင်းက သူ့အပေါ် အာရပ်ကလေးရဲ့ရင်းနှီးမှုအတိုင်းအတာနှင့် ဒီအမျိုးသမီးရဲ့လျှို့ဝှက်မှုကို ဖော်ထုတ်လျက်သား ဖြစ်သွားတာပေါ့။

အထိမ်းအမှတ် သင်္ကေတတွေကို အထူးပြုလေ့လာခဲ့တဲ့ ပီတာ အက်စ်မင်းက လျှာတစ်လစ်ဖြင့် စုပ်သပ်တဲ့ ဒီလိုယောင်မှားမှုမျိုးတွေကို စိတ်ပညာရှင် ဖရိုက်ရဲ့ သုံးသပ်ချက်နှင့် ယှဉ်ထပ်ပြီး ပြောခဲ့ပါတယ်။

ဖရိုက်ကလည်း ဒီလို အယောင်ယောင်အမှားမှားဖြစ်တာမျိုး ဟာ လူတစ်ယောက်ရဲ့ခံစားမှုကို အမှန်အတိုင်းထုတ်ဖော်တာလို့ ယုံကြည်တယ်ဆိုပဲ။

အက်စ်မင်းက အမျိုးသမီးတစ်ယောက်ဟာ သူ့အလုပ်ရှင်နှင့် အင်တာဗျူးချိန်မှာ အကြပ်ရိုက်ပြီး အတော်လေး စိတ်ညစ်နေရရှာသတဲ့။

သူ့ခမျာ အလုပ်ရှင်အပေါ်မကျေနပ်ကြောင်း ပြောင်မပြော ပြရဲပေမယ့် မသိစိတ်ဖြင့် သူ့လက်ချောင်းတွေကို ကုလားထိုင် လက်တင်ပေါ် အကြိမ်ပေါင်းမရေတွက်နိုင်အောင် လျှောတိုက်ပြီး ပွတ်နေမိလျက်က ရင်တွင်းခံစားမှုကို အလိုလိုပြသခဲ့ပါတယ်တဲ့။

သိစိတ်က ဘယ်လိုပဲ ထိန်းချုပ်ပေမယ့် မသိစိတ်က ဖွင့်ဖောက်ပြီး အမူအရာဂဲတဲ့ သဘောပဲပေါ့။

အခန်း တစ်ဆယ့်လေးကျမှ တခြားလူတွေရဲ့ အလားတူသဲလွန်စတွေကို ထောက်လှမ်းအဖြေရှာပုံနှင့် တန်ပြန်အသုံးချပုံတွေကို အကျယ်ကဝင့် ရှင်းလင်းဆွေးနွေးပါဦးမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ သရုပ်ဖော် ပြောပြသူများ

သရုပ်ဖော် ပြသချက်များဟာ ပြောတဲ့စကားနှင့် တစ်ပြိုင်နက်တည်း ဖြစ်နေသလို အထူးလေးနက်အောင် ရှင်းပြနိုင်စွမ်းရှိပါတယ်။

ပြောလက်စ စကားတစ်လုံး စကားတစ်ပိုဒ်ကို လေးနက်စေမှု၊ ပြန်လှန်ပြောကြားမှု၊ လေထဲမှာ ရုပ်ပုံဆွဲပြမှု၊ အဖြစ်အပျက်ကို မြင်လာအောင် ခြေဟန်လက်ဟန်ဖြင့် ဟန်ပါပါ လှုပ်ရှားပြမှု၊ ပြောစကားဖြင့် လိုက်ဖက်တဲ့ စည်းချက်ကျကျ ကိုယ်လက်အမူအရာတွေ ပါသွားမှုတွေဟာ 'သရုပ်ဖော်ပြသချက်'ထဲမှာ အကျုံးဝင်ပါတယ်။

ဒီအတွက် လက်ချောင်းလေးတွေနှင့် လက်တစ်ခုလုံး အသုံးပြုတာများပေမယ့် အသံထွက်ဆက်သွယ်ရေးကို ထောက်ကူရာရောက်တဲ့ ဘယ်ကိုယ်ခန္ဓာလှုပ်ရှားမှုမျိုးကိုမဆို သရုပ်ဖော်ပြောပြတာပါလို့ သတ်မှတ်နိုင်ပါတယ်။

လူတွေထဲမှာ သရုပ်ဖော်ပြသချက်ကို သုံးတဲ့လူစားဟာ အရေအတွက်အားဖြင့် အများအပြားရှိလေရဲ့။

တစ်ချို့လူမျိုးတွေဆိုရင် သရုပ်ဖော်ပြသချက်အပေါ် အားထားမှုဟာ တခြားလူမျိုးတွေထက် အဆ ရာထောင် ပိုပါတယ်။


မက်ဒီတေးနီးယန်း ပင်လယ်တစ်ဝိုက်မှာနေကြတဲ့ လူတွေဟာ ဒီလို ကိုယ်ဟန်လက်ဟန် မျက်နှာဟန်တွေကို အပြန်အလှန်စကားထက်တောင် အလေးထားလိုလားတာ တွေ့ရတယ်။

မနုဿဗေဒပညာရှင် ရောဘတ် အေ ဘာရာကက်က...

'အာရပ်လူမျိုးတစ်ယောက်ရဲ့လက်ကို သူစကားပြောနေတဲ့အချိန်မှာ ဖမ်းချုပ်ထားလိုက်ရင် သူ့လျှာကို ဖြတ်ပစ်လိုက်တာနှင့် မခြားပါဘူး'လို့တောင် ပြောရတဲ့အထိပါပဲ။

mgyoe.com







mgyoe.com

mgyoe.com SAMPLE BOOK

ဝီလီယမ်ကွန်ဒန်ဟာ အသံတိတ်ဘာသာစကားကို အခြေပြုပြီး လူတွေရဲ့အမှတ်တမဲ့ပုံရိပ်တွေကို အနေးပြ ကွက်တွေနှင့် အသေးစိတ် သုတေသနလုပ်ခဲ့သူ ဖြစ်ပါတယ်။

သူက ပုံမှန်ဦးနှောက်ရှိ(ဘဲ့)လူအားလုံးဟာ စကားပြောတာနှင့် ကိုယ်အမူအရာလှုပ်ရှားတာကို ပြိုင်တူလုပ်ကြတယ်လို့ ယုံကြည်ပါသတဲ့။

ဒီလို အသံနှင့် ကြွက်သားတွေ ပြိုင်တူလှုပ်ရှားမှုဟာ ဆက်သွယ်မှု ပြေလည်ရေးမှာ အဓိကကျတာတော့ အမှန်ပါပဲ။

'အခန်း တစ်' ရှေ့ပိုင်းမှာတင်ပြခဲ့တဲ့ အာနိုးနှင့် ထရီဆာတို့ရဲ့ အဖြစ်ကိုပဲ ကြည့်။ သူတို့နှစ်ယောက်စလုံးရဲ့ ကိုယ်အမူအရာစကားတွေရဲ့ ကသိကအောက်ဖြစ်စရာအချက်တစ်ခုက ဒီလို ပြိုင်တူမကျတာ ကြောင့်ပါပဲ။

အာနိုးရဲ့ ဖြစ်စဉ်သရုပ်ဖော်ပြသချက်တွေ သိပ်နည်းနေပါတယ်။ ထရီဆာကျတော့လည်း ပိုလွန်းနေပြန်ရော။ ထရီဆာရဲ့ သရုပ်ဖော်ချက်တွေက ဆွဲဆောင်မှုမရှိတဲ့အပြင် သူပြောလက်စ,စကားတွေနှင့် အံချော်ပြီး လွဲနေတယ်။

ဒီတော့ သူနှင့် စကားပြောနေရတဲ့ လူအများစုဟာ ခပ်ညံ့ညံ့အသံကူးဆက်ထားတဲ့ နိုင်ငံခြားရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသလို ပါးစပ်တခြား အသံတခြားဖြစ်နေလို့ မျက်စိနောက် စိတ်မောပြီး စိတ်တိုလာရတော့တာပေါ့။

တစ်ခါတလေ လူတစ်ယောက်သုံးနေကျ သရုပ်ဖော်ပြမှုမျိုးဟာ သူ့အပေါင်းအသင်းတစ်ယောက်ရဲ့ ဟန်ပန်အမူအရာတွေနှင့် တစ်ထပ်တည်းကျနေတာ မှန်ထဲကြည့် ကျင့်ထားသလားလို့တောင် အောက်မေ့ရတယ်။

အသံတိတ်ပြောကြားရာမှာ ကျွမ်းကျင်နိုင်နင်းလှတဲ့ အဲလက်စ်လိုပုဂ္ဂိုလ်မျိုးမှသာ အဲဒီလို ထပ်ထူသရုပ်ပြဟန်မျိုးကို တခြားလူတွေ မရိပ်မိဘဲနှင့် ထူးထူးခြားခြား အဆင့်မြင့်မြင့် လုပ်ဆောင်သွားတတ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

မှန်ကြည့်ပြီး ကျင့်တယ်ဆိုတာ အသံတိတ်စကားကို ပိုင်နိုင်တတ်ကျွမ်းရေးမှာ မလုပ်မဖြစ်တဲ့ အဖိုးတန်ဆုံး သင်ခန်းစာတစ်ရပ်ပါပဲ။

မှန်ထဲမှာ နည်းနည်းပါးပါးကျင့်လိုက်တာနှင့် ခင်ဗျားရဲ့အရည်အသွေးတွေ မြင့်မားလာပြီး အခြားလူတွေက အာရုံစိုက်လာသလို စိတ်မဝင်စားဘဲ မနေနိုင်လောက်ကဲအထိ သဘာဝကျကျနှင့် အလိုအလျောက်ဖြစ်ပုံပေါ်တဲ့ ဟန်ပန်အမူအရာတွေ ထွက်လာပါလိမ့်မယ်။

ဖလော်ရာဒေးဗစ်စ်က သူမရဲ့ 'ထိုးထွင်းသိမြင်စိတ် အတွင်းသို့' ဆိုတဲ့စာအုပ်မှာ ဝိလီယန်ကွန်ဒွန်ရဲ့ အနေးရိုက်ချက် ရုပ်ရှင်တစ်ကားကြည့်နေတုန်း မြင်ရပုံကို အခုလို ရေးပြထားပါတယ်။

အလုပ်ရှင် အမျိုးသားတစ်ဦးနှင့် အလုပ်လာလျှောက်တဲ့ အမျိုးသမီးလေးတစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ပြီး၊ စကားဖောင်ဖွဲ့နေကြပါတယ်။

ရုပ်ရှင်ပြစက်က ပုံမှန်နှုန်းဖြင့် ပြနေတဲ့အချိန်မှာ ပိတ်ကားပေါ်က အရုပ်တွေဟာ စိတ်ဝင်စားဖို့ သိပ်မကောင်းပါဘူးတဲ့။ ဒါပေမယ့် အနေးပြတဲ့အခါကျတော့ သူတို့ရဲ့ပြိုင်တူလှုပ်ရှားမှုတွေက ပိုပြီး ပီပြင်ထင်ရှားလာတော့တယ်။

သူမ အပြောအရ...

'နှစ်ယောက်သား တစ်ယောက်ရှိရာတစ်ယောက် ကိုယ်ကိုရှေ့ညွတ်လိုက်ကြသည်။ ထို့နောက် တစ်စက္ကန့်ထဲမှာ ဖျပ်ခနဲ ပြိုင်တူအညွတ်ရုပ်သွားကြပြီး၊ နှစ်ယောက်စလုံး ခေါင်းထောင်လာကြရာမှကုလားထိုင် နောက်မှီသို့ အတူတကွ လန်ကျသွားကြသည်။

သူတို့ကိုကြည့်ရသည်မှာ ငှက်ကလေးများ ကလီကမာနှင့်ချစ်တင်းဆိုနေသည့်အတိုင်းပင် ဖြစ်တော့သည်'တဲ့။

ပြိုင်တူဖြစ်စဉ်တွေကို ကွန်ဒန်က ဖော်ထုတ်ရာမှာ သူအကြိုက်ဆုံး ဥပမာကတော့ ကာယကံရှင်နှစ်ဦးဟာ ကြိုးတွေပူးချည်ထားတဲ့ကြိုးဆွဲရုပ်သေးရုပ်ကလေးတွေနှင့် တူတယ်ဆိုတာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

လာမယ့် 'အခန်း တစ်ဆယ်လေး'မှာ လူနှစ်ယောက်ကြားက ပြိုင်တူဖြစ်ပျက်လှုပ်ရှားမှုတွေ တိုးပွားများပြားလာခြင်းဟာ ချစ်ခင်မြတ်နိုးမှုနှင့် ရင်းနှီးကျွမ်းဝင်မှုမြင့်မားလာတဲ့ သင်္ကေတလက္ခဏာပဲ ဆိုတာ တွေ့ရပါလိမ့်မယ်။

သရုပ်ဖော်ပြသချက် တစ်ဘက် သို့မဟုတ် နှစ်ဘက်စလုံးမှာ မရှိတော့ရင် ဘာကြောင့်ရယ်လို့ အပြစ်ရှာမရဘဲနှင့် တင်းကျပ်မှုတွေ စိတ်မသက်သာမှုတွေ ဖိစီးလာရစမြဲပါ။

ခင်ဗျား ဆန္ဒရှိမယ်ဆိုရင် လူတစ်ယောက်နှင့် တွေ့ဆုံနေတုန်းမှာ တစ်ဘက်လူကို အနေရခက်အောင် မလှုပ်မချောက်နေကြည့်ပြီး လက်တွေ့စမ်းကြည့်နိုင်ပါတယ်။

အလားတူပဲ ဒီပြိုင်တူလှုပ်ရှားမှုနှင့်ပဲ ပတ်ဝန်းကျင်အသစ်အပေါင်းအသင်းသစ်တွေ တိုးပွားစေပြီး ဦးဆောင်မှုကို အရယူနိုင်ပါတယ်။

ပြိုင်တူလှုပ်ရှားမှု အရေးပါပုံကို ကလေးတွေရဲ့ ကိုယ်အမူအရာစကားကို သုတေသန လိုက်လုပ်နေတုန်းမှာတွေ့ ဖြစ်ပါတယ်။

ဦးနှောက်အာရုံကြောနှင့် ပတ်သက်လို့ သွတ်ချာပါဒရောဂါ ရနေတဲ့ ကလေးငယ်တစ်ယောက်ရဲ့မိခင်ဟာ သူ့သားကလေးနားကို ကပ်ဖို့တောင် မလွယ်တဲ့အခြေအနေဆိုးကို ဆိုက်နေရှာပါတယ်။

သူတို့သားအမိကြားမှာ ဘယ်လိုမှ ညှိနှိုင်းစေ့စပ်လို့မရတဲ့ သဘောပါပဲ။

ဒီနောက် ကုထုံးပညာရှင်တစ်ယောက်က အကြံပေးပါတယ်။ ကလေးငယ်လုပ်သမျှ သွတ်ချာပါဒလိုက်ပြီး အကြောဆွဲနေတဲ့အမူအရာတွေကို အတုခိုးလိုက်လုပ်ပြဖို့ သင်ပေးတာပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနှင့် သူတို့သားအမိရဲ့ဆက်ဆံရေးဟာ ပြန်ပြေလည်ပြီး နွေးထွေးတဲ့ ကျွမ်းဝင်ချစ်ခင်မှုတွေရလာပါတော့တယ်။ ဒါကိုထောက်ရင် လည်း ပြိုင်တူလှုပ်ရှားမှုရဲ့ အတိုင်းအတာကို ခန့်မှန်းနိုင်ပါပြီ။

၃။ မှုသေလှုပ်ရှားမှု ပုံစံများ

ဆက်ဆံရေးရဲ့ မှုသေပုံစံတွေအနေနှင့် လူလူချင်းဆုံတွေ့ရာမှာ တုံ့ပြန်တဲ့ အချက်ပြသင်္ကေတတွေကို တွေ့စ၊ ဒါမှမဟုတ် ခွဲခွာနှုတ်ဆက် ရာမှာ တစ်လှည့်စီ အပြန်အလှန် သုံးကြရပါတယ်။

ဒါဟာ တွေ့ဆုံဆက်သွယ်မှုမှာ အဲဒီသင်္ကေတတွေမှာ ဂုဏ်ဒြပ် အဆင့်အတန်း၊ သြဇာပါဝါတွေနှင့် ပတ်သက်လို့ အရေးကြီးတဲ့သတင်း တွေ ပို့ဆောင်ပေးတာကို ပြပါတယ်။

ဥပမာအားဖြင့် 'အခန်း တစ်ဆယ်'မှာ အထက်စီးက ကြီးစိုးမှု ဒါမှမဟုတ် ရိုသေကျိုးနွံမှုတစ်ခုခုကိုပြသဖို့ ဘယ်လို လက်ဆွဲနှုတ် ဆက်ရမလဲဆိုတာ ရှင်းပြထားတာ တွေ့ရပါလိမ့်မယ်။

ရံဖန်ရံခါဆိုသလို အများဆုံးသုံးနေကျ မှုသေပုံစံတွေကတော့ ခေါင်းညိတ်ပြတာနှင့် စိုက်ကြည့်တာတွေပါပဲ။

ခေါင်း ဆက်တိုက်အမြန်ညိတ်တာဟာ 'မြန်မြန်လုပ်'ဆိုတဲ့ စကား အဓိပ္ပာယ်သက်ရောက်ပြီး၊ စဉ်းစဉ်းစားစား ဖြည်းဖြည်းလေးလေး ခေါင်းညိတ်တဲ့သဘောက ပြောနေသူကို ဆက်ပြောဖို့ အခွင့်ပေးတောင်း ပန်သလို နားထောင်နေသူဟာ ပြောစကားထဲက စိတ်ဝင်စားစရာ နှစ်ခြိုက်စရာစကားတွေကို တွေးတောရှာဖွေနေတာ ဖြစ်ပါတယ်။

မှုသေဆက်သွယ်ရေးပုံစံတွေကို မှန်မှန်ကန်ကန်သုံးခြင်းဟာ သူနှင့်ကိုယ် စကားပြောနေတာကိုထိရောက်ဖို့ ကောင်းကောင်းကြီး ရုပ်လုံးပေါ်ဖို့လိုအပ်တဲ့ အထောက်အကူတစ်ခုပဲပေါ့။


mgyoe.com

mgyoe.com
SAMPLE BOOK

'ထရီဆာ့'အဖြစ်ကိုပဲ ပြန်ကောက်ရရင် အသံတိတ် ပြောပြမှု စနစ်အရ သူ အထိနာရတဲ့အကြောင်းတစ်ခုဟာ တစ်ဘက်လူရဲ့ တုံ့ပြန်ချက်သင်္ကေတတွေကို မထိမဲ့မြင်လုပ်ပြီး သူကချည်း အကျောယူ စွပ်ပြောနေနေတာပါပဲ။

တစ်နည်းဆို သူဟာ သူနှင့် စကားပြောဖက်က 'တော်ပါတော့' လို့တောင်းပန်တဲ့ အသံတိတ်စကားတွေကို အကဲခတ်သုံးသပ်ရမယ့် အစား တစ်ဘက်လူကို အသေတုပ်ပြီး ပြောချင်ရာကို အဆက်မပြတ် တရစပ် ပြောနေတာကိုး။

'ကိုယ်တစ်လှည့် သူတစ်လှည့် အလှည့်ပေးပြောကြတဲ့အကျိုး ဟာ နှစ်ဦးသားရဲ့ရင်းနှီးခင်မင်မှုကို ကောင်းကောင်းရစေကြောင်း သိသာပေါ်လွင်ပါတယ်။ ဒီလိုမှမဟုတ်ရင် သင့်စကား ပြောဖော်ဟာ ဆက်ဆံရေး အင်မတန်ကျွမ်းကျင်လိမ္မာလို့သာ ရင်းနှီးမှု ရတဲ့ ဖြစ်ရမယ်'လို့ မတ်ကနက်ပ်က မိန့်ဆိုခဲ့ပါတယ်။

'အဲ... အလှည့်မပေးစတမ်း ငါတကော ကောပြီး ရေပက်မဝင် အောင် မာရသွန်ပြောတာမျိုးကတော့ (စကားကို အတင်းလုပြောတာ၊ ဖြတ်ပြောတာမျိုးအပါအဝင်)မယဉ်ကျေးရာ၊ ရိုင်းပျရာ ရောက်ပါတယ်။ တစ်နည်းဆိုရင် ငါ့စကား နွားရလုပ်ပြီး လိုရင်းကိုမရောက်ဘဲ အလ ဟဿ လေကုန်ရုံသာရှိပါတယ်'တဲ့။

တစ်ဘက်သားကို အလှည့်ပေးတဲ့အနေဖြင့် ပြောနေသူဟာ သူ့ အသံကို နှိမ့်လိုက်ရုံသာမက စကားကိုလည်း အရှိန်သတ်ပစ်ဖို့ လိုပါ တယ်။ ဒီအပြင် အဆုံးသတ်စကားတွေမှာ တစ်လုံးချင်း ခပ်လေးလေး ပြောနိုင်ရင် ပိုကောင်းပါတယ်။

ဒါပေမယ့် ဒီနေရာမှာ မျက်ႁွာ၊ သို့မဟုတ် ခေါင်း တစ်ခုခုကို ဖြစ်စေ၊ နှစ်ခုစလုံးကိုပဲဖြစ်စေ အောက်စိုက်ချလိုက်ရင်းက ဖျပ်ခနဲ အကြည့်ပြောင်း မျက်နှာလွှဲပစ်လိုက်ရပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိန်တည်းမှာပဲ လက်ဟန်ခြေဟန်ဖြင့် သရုပ်ဖော်ပြသမှုတွေကိုလည်း ရပ်ဆိုင်းတော့မယ့်လက္ခဏာ ဆောင်ရပါတယ်။


အဲဒီနောက် နောက်ဆုံးစကားလုံး ပြောပြီးတဲ့အခါမှာ တစ်ဘက်ကနားထောင်သူကို စကားတောင်းတဲ့ ဖိတ်ခေါ်တဲ့ မျက်လုံးမျိုးဖြင့် လှမ်းကြည့်ပေးရပြန်ပါတယ်။

ဒီအချက်ပြမှုကို တုံ့ပြန်ချက်မရရင်တော့ ပြောသူက မျက်ခုံးတစ်ဘက် ပင့်လိုက်ပါ။ ဒါမှမဟုတ် တစ်ဘက်လူကို လှမ်းပုတ်လိုက်ပါ။

စကားပြောချင်တဲ့ လူတွေဘက်ကလည်း သူတို့အလှည့် တောင်းတဲ့အဓိပ္ပာယ်ဖြင့် အလားတူပုံစံတွေ သုံးလာပါလိမ့်မယ်။

အသံတိတ်စကားဖြင့် အချက်ပြပြောနေတဲ့ပုံစံကတော့ လက်ညှိုးလေး ထောင်လာတာပါပဲ။

ဒါဟာ နားထောင်ရတာ စိတ်မရှည်တော့တဲ့ ခံစားမှုသရုပ်ကို ဆောင်ပြီး၊ ပြောနေသူကို စကားစဖြတ်ဖို့ ကြိုးစားလိုက်တာပဲ ဖြစ်ပါတယ်။




လက်ညှိုးတဆောင်ထောင် ဖြစ်လာတဲ့ပုံစံက
ကြားဝင် ဖြတ်ပြီး ပြောချင်တဲ့ အရိပ်နိမိတ်ပါ။



mgyoe.com

mgyoe.com
SAMPLE BOOK



**လက်ကို လှမ်းတို့လိုက်တာကတော့**
**စကားစဖြတ်ဖို့ ရည်ရွယ်ပါတယ်။**

တစ်ခါတစ်ခါ ခပ်တိုးတိုးသက်ပြင်းရှိုက်ပြီး အသက်ရှူသွင်းတာ ကပ်ပါလာတတ်တဲ့ လက်ညှိုးထောင်အချက်ပြတဲ့ နိမိတ်လက္ခဏာဟာ အတန်းထဲမှာ စာမေးတာ ရတယ်လို့ လက်ညှိုးထောင်ပြတာနှင့်တော့ နည်း ကွဲပါလိမ့်မယ်။ ကလေးဘဝကို ပြေးမြင်ယောင်လိုက်ရင် ဒါဟာ စကားပြောခွင့် ရစေတဲ့ တစ်ခုတည်းသော နည်းလမ်းပဲဆိုတာ ပြန်ပေါ်လာမှာပါ။

လူနှစ်ယောက် စည်းကိုက်ဝါးကိုက် အပေးအယူမျှပြီး စကား လက်ဆုံကျနေပြီဆိုတဲ့အခါ သူပြောလိုက် ကိုယ်ပြောလိုက်နှင့် အလှည့် တောင်းစရာတောင် မလိုအောင် အဆင်ချောနေတတ်ပါတယ်။

သို့ပေမယ့် ပြိုင်တူလှုပ်ရှားချက်တွေက စည်းဝါးမကိုက် အပေး အယူ မတည့်ဘူးဆိုရင်တော့ စကားဖလှယ်မှုတွေလည်း ဖွဲဖောက်တော့ တာပါပဲ။ လက်ဆင့်ကမ်းအပြေးသမား’ ၁စ်ယောက် လက်ထဲက တုတ် ကလေး လက်ပြောင်းလက်လွှဲလုပ်ရာမှာ လွတ်ကျသွားသလို စမ်းတဝါး ဝါးဖြင့် ရှေ့ဆက်ဖို့ ခက်သွားပြီလေ။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါနှင့်အမျှ သူ့စကားကိုယ့်စကား အဆင်မပြေတော့ဘဲ ပြော တဲ့လူဟာ အထစ်ထစ်အငေါ့ငေါ့နှင့်...

'ကျွန်တော် ဟို... ဒီ... ပြောချင်တာက... အဲ...' ဆိုတာ မျိုးတွေ ဖြစ်လာတော့မယ်။

ခင်ဗျားအလှည့်ရဖို့ကတော့ တောင်းဆိုတဲ့မျက်နှာ၊ ထစ်မူခြား တဲ့ပုံစံနှင့် ကြမ်းပြင်ကို ငုံ့ကြည့်နေခြင်းပဲ ဖြစ်ပါတယ်။

မျက်လုံးနှင့် လှမ်းကြည့်တာကို ရှောင်သင့်တယ်။

အဲသလိုကြည့်မိရင် တစ်ဘက်လူအတွက် စကားဖြတ်ဖို့ ပိုခက် သွားတတ်တယ်။

လက်တို့လိုက်တာကလည်း 'ခဏနေပါဦး၊ ကျွန်တော့်စကား မဆုံးသေးဘူး'လို့ ပြောဖြစ်အောင် တွန်းပို့သလို ဖြစ်သွားပါလိမ့်မယ်။

လက်လှမ်းကိုင်လိုက်တာ တစ်ခါတစ်ရံ အသာလေးလှမ်းပုတ် လိုက်တာမျိုးဟာ တစ်ဘက်လူရဲ့ခံစားချက်ကို သက်သာစေပါတယ်။

ဒါပေမယ့် ဘယ်လိုပဲ ယဉ်ကျေးသိမ်မွေ့တဲ့တို့ထိမှု ဖြစ်ပါစေ။ လက်ကနေ ပါးစပ်ကို လှမ်းပိတ်လိုက်တာနှင့် အတူတူပါပဲ။

မူသေပုံစံမျိုးဟာပဲ သင့်အနေနှင့် အထက်စီးရဖို့ လိုလားနေတဲ့ စေ့စပ်ညှိနှိုင်းပွဲ၊ သို့မဟုတ် အချေအတင်ဆွေးနွေးပွဲတွေမှာ ပြားပြား မှောက် အလဲထိုးခံရစေနိုင်တယ်။

:

နောက်ဆုံးတင်ပြချင်တာကတော့ အလှည့်ပေးဖို့ ငြင်းဆန်တဲ့ မူသေပုံစံတွေလည်း ရှိတယ်ဆိုတာပါပဲ။

အဲဒါကတော့ တစ်ဘက်က ပြောခွင့် ဖိတ်ခေါ်ကမ်းလှမ်းလာ တာကိုလည်း ပယ်ချရာမှာ သုံးနေကျဖြစ်ပါတယ်။

အဲဒီပုံစံတွေထဲမှာ ခပ်မဆိတ်နှုတ်ပိတ်ပြီး ငြိမ်နေတာနှင့် မျက်လုံး ချင်းအတွေ့မခံဘဲ ရှောင်လွှဲနေတာတွေ ပါဝင်ပါတယ်။



mgyoe.com

mgyoe.com မှုသေလှုပ်ရှားမှုပုံစံတွေထဲက တစ်ဘက်ကမ်းခတ် ကျွမ်းကျင်မှုတွေ ကြည့်ချင်တယ်ဆိုရင်တော့ ဇရာမပရိသတ်ကြီးကို လိုသလို ပဲ့ကိုင်နိုင်တဲ့ အပြောအဟောပါရဂူကြီးတွေ၊ ကတ်ဖဲ့လုပ်ပြီးအငေါ်တူးတယ်တဲ့ တီဗွီက အင်တာဗျူးသမားတွေ၊ တကယ် အမှန်အကန် ငြိမ်းရည်ထက်မြက်တဲ့ နိုင်ငံရေးသမားစစ်စစ်ကြီးတွေကို လုပ်ငန်းခွင်စင်ပေါ်မှာ လှုပ်ရှားနေခိုက်ပဲ ဖြစ်ပါတယ်။

ဒီလူတွေဟာ စိတ်သရုပ်ထိန်းချုပ်မှုအတတ်ကို အနုပညာမြောက် ကျွမ်းကျင်မှုနှင့် အခြေအနေတွေအပေါ်မူတည်ပြီး ဈာန်အမျိုးမျိုး၊ ဟန်အမျိုးမျိုးသွင်းလို့ သူတို့ပရိသတ်တွေကို ဆွဲဆောင်ညှို့ဖမ်းရာက ထိပ်တန်းရုပ်သေးကြိုးဆွဲဆရာကြီးလို ကြိုက်ရာပုံသွင်းနိုင်တာ တွေ့ရပါလိမ့်မယ်။

'သခင်များရဲ့ အသံတွေ'ဆိုတဲ့ စာအုပ်ထဲမှာ မက်အက်ကင်ဆန်က နိုင်ငံရေးခေါင်းဆောင်တွေဟာ သူ့ပါတီထဲက သစ္စာတော်ခံတွေဆီက လက်ခုပ်သြဘာလိုချင်ပြီဆိုရင် ဘယ်လို အချက်ပေးသရုပ်ပြသလဲ ဆိုတာကို လူထုပရိသတ်ဟောပြောနည်း မဟာဗျူဟာအဖြစ် ဖော်ထုတ်ရေးသားခဲ့ပါတယ်။

ဂွန်ဆာဗေးတစ်ပါတီ အင်အားပြပွဲတစ်ခုမှာ တက်ရောက်မိန့်ခွန်းပြောတဲ့ ဗြိတိန်ဝန်ကြီး ချုပ် မာဂရက်သက်ချာရဲ့ ဗီဒီယိုတိတ်ခွေတစ်နေရာကို အသေးစိပ်ခွဲခြမ်းစိတ်ဖြာ လေ့လာသည်။

သက်ချာဟာ အောက်ကိုစိုက်ကြည့်လိုက်တဲ့နောက် ပါးစပ်ကို ပိဟ်ပြီး လည်ချောင်းရှင်းလိုက်ပုံတွေ ဖော်ပြခဲ့ကာပါ။

'အဲဒီအမိပ္ပာယ်တွေက ပထမ သူပြန်စဉ်းစားခိုင်းတာ၊ သို့မဟုတ် အတည်ပြုခိုင်းတာရဲ့ သင်္ကေတနိမိတ်တွေ ဖြစ်နိုင်ပါတယ်။

ဒါကလည်း ပရိသတ်တွေအနေနှင့် သူတို့ရဲ့ သဘောတူခွင့်ပြုချက်ကိုပြသဖို့ အချိန်တန်ပြီလို့ အချက်ပေးလိုက်တာပါပဲ။ ပါးစပ်



mgyoe.com

mgyoe.com SAMPLE BOOK

ကို သိသိသာသာကြီး ပိတ်လိုက်ခြင်းအားဖြင့် အချိန်စေ့သွားလို့ သူ အပြီးသတ်လိုက်ရတဲ့အကြောင်း ပြဆိုလိုက်ပါတယ်။

ပြီးတော့ လည်ချောင်းရှင်းလိုက်တာကတော့ စက္ကန့်ပိုင်းလောက် သူ့ကိုယ်သူ အားမွေး အနားပေးလိုက်ရာကို ပြသပါတယ်။

ဒီလိုနှင့် လက်ခုပ်တီးဖို့မေ့နေတဲ့ ပရိသတ်တွေကို လက်ခုပ်သြဘာပေးကြပါလို့ နောက်ဆုံး သတိပေးချက်နှစ်ခုက အချိန်မီ လှုံ့ဆော်လိုက်ခြင်းပဲ ဖြစ်ပါတယ်'တဲ့။

မှုသေပုံစံတွေသုံးတဲ့ အကျိုးအာနိသင်ဟာ စားပွဲပေါ် ဖယောင်းတိုင်လေးတစ်တိုင် ထွန်းထားပြီး အရင်းနှီးဆုံးသူငယ်ချင်းနှင့် နှစ်ကိုယ်တော် ညစာစားပွဲလေးမှာပဲ ဖြစ်ဖြစ်၊ ထောင်ပေါင်းများစွာသော လူထုပရိသတ်ကြီးကို ရဲရဲတောက်မိန့်ခွန်းတွေ ခြွေရာမှာပဲဖြစ်ဖြစ် အပိုင် 'ထိန်း'နိုင်တဲ့အစွမ်းသတ္တိတွေ ခင်ဗျားကိုပေးမှာ မုချပါပဲ။

## ၄။ ကြားခံအပြုအမူများ

ကြားခံအပြုအမူဆိုတာ ကျွန်တော်တို့ရဲ့ ခံစားချက် သို့မဟုတ် ပဲ့နှင့်ပြန်မှုတွေကို ကန့်သတ်ထိန်းချုပ်ရာမှာ သုံးတတ်ကြတဲ့ လှုပ်ရှားမှုတွေ၊ လက်ဟန်ခြေဟန်တွေနှင့် တစ်ခြား အမူအရာတွေပဲ ဖြစ်ပါတယ်။ ဒီလက္ခဏာတွေ စိတ်ပင်ပမ်းနွမ်းနယ်တဲ့ အခြေအနေ၊ အကျဉ်းအကြပ်ရိုက်နေလို့ ကြံရာမရ ဖြစ်နေချိန်၊ စိတ်ပျက်လက်ပျက် ဖြစ်သွားရတဲ့ အခါမျိုးတွေမှာ မြင်ရလေ့ ရှိပါတယ်။ ဒီသရုပ်ဟန်ပန်ဟာ ကလေးဘဝကပါလာတဲ့ အကျင့်ကို ရောင်ပြန်ဟပ်ပြတာလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဒီပုံစံတွေကို သာမန်အားဖြင့် ဂရုမထားမိခဲ့ကြပါဘူး။

လူတစ်ယောက်ဟာ စိတ်ညစ်ညူးနေခိုက်မှာ နားရွက်ဖျားလေးကို ပွတ်ဆွဲနေမိမယ်။ လက်ချောင်းတွေ ဂဏ္ဍာမငြိမ်ဘဲ ဖြစ်နေမယ်။ ဝတ်ထားတဲ့ အဝတ်အစား လုံးချေနေမိတယ်။ ဆိုတာမျိုးတွေပါပဲ။


mgyoe.com

mgyoe.com
SAMPLE BOOK

လူတောထဲရောက်ရင် စိုးရိမ်စိတ်ပွားတတ်တဲ့ အာနိုးဆိုရင် ခြောက်သွေ့ပြီး ဆို့ကြပ်လာတယ်ထင်ရတဲ့ သူ့လည်ချောင်းကိုပဲ အခိပ္ပာယ်မဲ့ ကိုင်ပွတ်နေတတ်တယ်လေ။



များသောအားဖြင့် နို့စို့ကလေး ဘဝတည်းက ကိုယ့်ခေါင်း ကိုယ့်ဆံပင်ကို ဆွဲလားပွတ်လားလုပ်တဲ့ အကျင့်ဟာ ကြီးတဲ့အထိပါလာပြီး တစ်ခုခုကို ဝေခွဲ မရဖြစ်နေတဲ့အခါမျိုးမှာ လူတွေဟာ သူ့ ခေါင်းနောက်ကို ကုပ်တာ ဆံပင်တွေ ဖွတာမျိုး လုပ်ကြတော့တာပါပဲ။

ပုံပါ ကလေးငယ်ဟာ သူ့ ကစားစရာ အလုခံလိုက်ရလို့ ကြံရာ မရဖြစ်ပြီး လက်ကလေး မြှောက် ခေါင်း ကုပ်နေပါတယ်။ ဒီ အသွင်လက္ခဏာမှာ တစ်ပိုင်းက စိတ်ဆိုးတဲ့သဘော သက်ဝင်ပြီး တစ်ပိုင်းက တားဆီး ကာကွယ်တဲ့ အခိပ္ပာယ် ရှိနေပါတယ်။



အလားတူပဲ ဖုန်းပြောနေ သူမှာလည်း ရှေ့ဆက်ဘာပြော ရမှန်း၊ ဘာလုပ်ရမှန်း၊ မသိ အောင် အကြံအိုက်သွားရာက ခေါင်းကုပ်မိတာပါ။ ဒါဟာ ထိပ်တိုက် ရင်ဆိုင်ရမှုကို တိမ်း ရှောင်ပြီး တဒင်္ဂ ထွက်ပေါက်ရှာ တဲ့ သဘောကိုလည်း ပြဆိုပါ တယ်။


mgyoe.com

mgyoe.com SAMPLE BOOK


# အခန်း လေး

လက်ရှိအချိန်သည် တန်ခိုးကြီးထွားသော နတ်ဘုရားမ တစ်ပါးပင်။

**ပိုအက်သိ,တက်ဆို (၁၇၉၀ ခုနှစ်)**

mgyoe.com

mgyoe.com SAMPLE BOOK

# လေးမိနစ်ကြာ အတားအဆီး

ပထမဆုံးတွေ့တဲ့ လူတစ်ယောက်အကြောင်းကိုသိဖို့ အချိန်ဘယ်လောက်ကြာကြာ ယူမလဲ။

တစ်နာရီလား၊ တစ်ရက်လား၊ တစ်နှစ်လား၊ တစ်သက်လုံးလား။

လူတစ်ယောက်ရဲ့ သရုပ်အမှန်သိဖို့ ရက်ပေါင်းများစွာ နှစ်နှင့်ချီပြီး အချိန်ယူရမယ်လို့ယူဆနေတဲ့ ဘယ်သူ့ကိုမဆို အတိအလင်းပြောချင်တာကတော့ အလွန်ဆုံးကြာလှ 'လေးမိနစ်' ဆိုကာပါပဲ။

ဒီလို မယုံနိုင်လောက်အောင် တိုတောင်းလှတဲ့အချိန်လေးအတွင်းမှာ တခြားလူတစ်ယောက်အပေါ် ဆုံဖြတ်ချက် ယတိပြတ်ချတာဟာ တစ်ဘက်သတ်ဆန်လွယ်လွန်းတယ်လို့ တချို့ကျွမ်းကျင်သူပညာရှင်တွေက စောဒကတက်ကောင်း တက်လိမ့်မယ်။

တစ်ချို့ကလည်း တစ်ဘက်လူကို တွေ့တွေ့ချင်း ရေရှည်အတွက်အကဲခတ်တာဟာ နှစ်မိနစ်အတွင်းတောင် ဖြစ်နိုင်တယ်လို့ ဆိုကြတယ်။

ဒါဟာ ဆွဲဆောင်အားကောင်းတဲ့ အပေါင်းအဖော်စစ်နှင့် ဆုံရာမှာလား။ ဒါမှမဟုတ် အမှုသည် ဖောက်သည်တစ်ယောက်ကို ဖွဲ့ဆော်ဦးတွေ့ဖို့လား၊ ကိုယ် သိပ်လိုချင်တဲ့အလုပ်ကို ရဖို့ ကြိုးစားတဲ့နေရာမှာလားဆိုတဲ့အပေါ် မူတည်နေပါသတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK 

လူတွေ့အစစ်ခံပွဲ အောင်မြင်ရေး လေးမိနစ်

'လူတွေ့စစ်ဆေးမှု (အင်တာဗျူး)တွေအပါအဝင် နေ့စဉ်ဘဝမှာ ပထမဆုံးတွေ့ဆုံမှုတွေဟာ အရေးကြီးပါတယ်'

ရှက်ဖီးလ်တက္ကသိုလ်က အသက်မွေးဝမ်းကျောင်းပညာ ညွှန်ကြားရေးမှူး ဒေါက်တာဘားနတ်ကင်းစတန်ရဲ့ အဆိုအမိန့်ပါ။

ဘယ်လောက်တောင် အရေးကြီးတယ်ဆိုတာ အက်စတန်တက္ကသိုလ် ဗဟိုအုပ်ချုပ်ရေးဌာနက ဒေါက်တာနေးလ်အင်ဒါဆင် ပြောတာ ကြည့်ရအောင်။

သူက အင်တာဗျူးအလုပ်တွေနှင့် အသက်မွေးနေတဲ့ပုဂ္ဂိုလ်တွေကို အင်တာဗျူးအတုလုပ်ထားတဲ့ ဗီဒီယိုအခွေတစ်ခုကို ကြည့်ခိုင်းခဲ့ပါတယ်။

လေးမိနစ်ပြည့်တာနှင့် လျှောက်ထားသူ အစစ်အမေးခံရသူရဲ့ ဥပမိရုပ် စရိုက်သဘာဝဟာ အကဲဖြတ်ပြီးသား ဖြစ်သွားပါတယ်။

နောက် ကျန်တဲ့အပိုင်းတွေကို ဆက်ဖွင့်ပြခဲ့ရာက ဆုံးတဲ့အခါမှာ ကျခြားအကဲဖြတ်စရာလေးတွေလည်း ကုန်သွားတော့တယ်။

အဲဒီ နှစ်ပိုင်းကို ယှဉ်ကြည့်လိုက်ပြန်တော့ နောက်ပိုင်းမှာ အမှတ်ပေးစရာ သိပ်မကျန်တော့တာ တွေ့ရပါတယ်။

ပထမပိုင်း လေးမိနစ်အတွင်းမှာပဲ အမေးခံရသူအပေါ် ဆုံးဖြတ်ချက်က ချပြီးနေပြီ။

အသံတိတ်စကားရဲ့ ထက်မြက်တဲ့အစွမ်းအာနိသင်ကို ဒေါက်တာအင်ဒါဆင်က အခုလို ထုတ်ဖော်ခဲ့ပြန်ပါတယ်။

'ကိုယ်တွေ့စစ်ဆေးမှုရဲ့ ရှေ့ပိုင်းမိနစ်အနည်းငယ်မှာ စစ်မေးသူက မိတ်ဆက်စကားနှင့် ဟိုဟာဒီဟာလေးတွေမေးရင်းက အချိန်အများဆုံးကုန်သွားရသလို အမေးခံရသူက အဲဒီပုဂ္ဂိုလ်ပြောသမျှ ခေါင်းညိတ်ရင်း မျက်လုံးတွေ၊ မျက်နှာအမူအရာတွေ၊ ကိုယ်အမူအရာတွေနှင့် တုံ့ပြန်နေခဲ့ရတယ်လေ'တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရဲ့သုတေသန လုပ်ချက်တွေအရ အဲဒီလို မေးမြန်းနေခိုက်လေးမှာပဲ အလုပ်လျှောက်သူရဲ့ မျက်လုံး၊ မျက်နှာတွေအပေါ် စူးစူးစိုက်စိုက်အကဲဖြတ်ရင်း ရွေး မရွေး၊ ကြိုက် မကြိုက် အပြီးသတ်ဆုံးဖြတ်ခဲ့တာပါပဲတဲ့။

ဒီအချိန်ပိုင်းလေးအတွင်းမှာပဲ တစ်ဘက်လူရဲ့ ဥပဓိရုပ်နှင့်ပတ်သက်တာတွေက အထောက်အကူပြုနေရပါလိမ့်မယ်။

ဒီလို လူတွေ့စစ်မေးနေချိန်မှာ အကျင့်စာရိတ္တ ထောက်ခံစာတွေ၊ ပညာအရည်အချင်း အထောက်အထားတွေ၊ အလုပ်အကိုင်တော်ကြောင်းမှတ်တမ်းတွေနှင့် လျှောက်ထားသူရဲ့ စိတ်ဓာတ်အခြေပြ ရုပ်လက္ခဏာတွေကို ညှိပြီး အကဲဖြတ်နေကျပဲ ဆိုရမယ်။ ဒါ ဘယ်သူမှ ပြေးမလွတ်သလို သက်ညှာခွင့်လည်း ရမှာမဟုတ်ပါဘူး။

လေ့လာချက်တွေအရ လျှောက်ထားသူရဲ့ နှစ်လိုဖွယ်ရာမျက်နှာအမူအရာတွေကိုသာ အဓိကထားပြီး 'လူတော်လူကောင်း'တစ်ယောက်အဖြစ် အလုပ်ခန့်ခဲ့ကြတာ ဖြစ်ပါတယ်။

ယူဗလျူအက်စ်တီက ဒေါက်တာ ရေးဖော်ဘီစ်နှင့် ရှက်ဖီးလ်တက္ကသိုလ်က ပေါလ်ဂျက်ဆင်တို့ကလည်း အလုပ် လျှောက်ရာမှာအကြိုက်တွေ့ အရွေးခံရသူတွေဟာ သရုပ်ပြထိန်းချုပ်မှုတော် လူတွေသာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။

မကြာမီက အင်္ဂလန်မှာထုတ်ပြန်ခဲ့တဲ့ လေ့လာချက်စာတမ်းအရ ကုမ္ပဏီအများစုဟာ ဝန်ထမ်းတွေရွေးချယ်ခန့်ထားရာမှာ သူတို့ရဲ့ရောင်းချမှုနည်းပညာတွေကို လက်ကိုင်ထားစံပြုပြီး အင်တာဗျူးလုပ်တယ်လို့ သိရပါတယ်။

ဒီတော့ လျှောက်ထားသူတွေအဖို့ အရေးအကြီးဆုံးကတော့ကိုယ့်ကိုယ်ကို အစွံထုတ် ရောင်းနိုင်ဖို့ပါပဲ။

'လူရွေးအင်တာဗျူးလုပ်မှုတွေကို ၁၉၁၅ ခုနှစ်လောက်ကတည်းသုတေသနလုပ်ခဲ့ကြပေမယ့် ရွေးချယ်သူတွေဟာ အရွေးခံသူတွေရဲ့


mgyoe.com

စိတ်အနေအထားပြ အပြုအမူအမျိုးမျိုးကို အကဲပါပါ ကြည့်တတ်တယ်လို့ ထောက်ပြတာ မတွေ့ရသလောက် ဖြစ်နေတာပါပဲ။ ဒီလိုနှင့် ကုမ္ပဏီတွေဟာ အရည်အချင်းမပြည့်ဘဲ၊ လူရည်မလည်ဘဲ၊ တာဝန်မကျေဘဲ အင်တာဗျူးလုပ်နေရတဲ့ဘဝမှာ သောင်တင်ကျန်နေခဲ့တော့တာပေါ့'

သုတေသနညွှန်ကြားရေးမှူး ဒေါက်တာ ရစ်ချက်ဖို့ဒ်က မှတ်ချက်ချခဲ့တာ ဖြစ်ပါတယ်။

## မိတ်ဆွေဖြစ်ရေး လေးမိနစ်

မိနစ်ပိုင်းလေးအတွင်း အကဲခတ်အဆုံးအဖြတ်ခံရတာမျိုးကို ပါတီပွဲတွေ၊ ကလပ်တွေနှင့် သွားခိုက်လာခိုက်ကလေးမှာ အမှတ်မထင်ဆုံတွေ့လိုက်ချိန်လေးတွေမှာ ကြုံရတတ်ကြောင်း နယူး စိတ်ပညာပါရဂူ ဒေါက်တာလီယိုနပ်ဇူနင်လည်း အစီရင်ခံစာ ရေးဖူးပါတယ်။

နှစ်ပေါင်းများစွာ လေ့လာမှုတွေအပေါ်အခြေခံပြီး ခုလို ကောက်ချက်ချခဲ့တာပါ။

'ပထမ လေးမိနစ်ဆိုတာ မိတ်ဖြစ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံရေး၊ မိသားစု ညီညွတ်ရေး၊ လုပ်ငန်းအောင်မြင်ရေးနှင့် ချစ်ရေးကြိုက်ရေး၊ အိမ်ထောင်သုခ ခံစားရေးတွေပါမကျန် အဆုံးအဖြတ်ပေးမယ့် သော့ချက်ကြီးပါပဲ'တဲ့။

စကားနှင့် ပြည့်ပြည့်စုံစုံပြောပြဖို့ မလုံလောက်တဲ့အချိန်တိုကလေးအတွင်းမှာ အားလုံးကို အသံတိတ် မျက်နှာအမူအရာ၊ နှုတ်အမူအရာတွေနှင့် ကိစ္စပြီးနိုင်တယ်ဆိုတဲ့ သဘောပဲပေါ့။

သုတေသနပြုမှုတွေကလည်း လူတစ်ယောက်ကို ကြိုက် မကြိုက် ဆုံးဖြတ်ရာမှာ အထက်ပါကောက်ချက်ကို ရှောင်လွှဲသွေဖည်လို့ မရကြောင်း ပြဆိုခဲ့ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ခုလိုမှမဟုတ်ရင်တော့ အစကနဦး တွေ့ဆုံမှုအတွက် အထောက်အကူပြုမယ့်အချက်တွေကို သတင်းကြားဖြင့် အထင်လွဲပြီး နစ်နာစေနိုင်ပါတယ်။

စမ်းသပ်မှုတစ်ခုမှာ ကောလိပ်ကျောင်းသားတွေဟာ ဧည့်သည်ကထိကတစ်ယောက် လာသင်မယ့်အကြောင်း အဲဒီဆရာရဲ့ပုံပန်းအသွင်အပြင်နှင့်တကွ သတင်းပေးချက်တွေကို ကြိုတင်ရလိုက်ကြတယ်။

သတင်းပေးချက်နှစ်ခုမှာ စာကြောင်းကလေး တစ်ကြောင်း ပဲကွဲတယ်။

တချို့စာတွေမှာ ဆရာဟာ 'မထုံတက်တေး အေးတိအေးစက်' နှင့်လို့ ဖော်ပြထားပြီး၊ တချို့စာတွေကျတော့ 'သိပ်ဖော်ရွေတယ်'လို့ ပြောထားသတဲ့။

ကျောင်းသားတွေအနေဖြင့် စာထဲ နှစ်မျိုးမတူ ခြားနားနေတာကို သိခွင့်မရခဲ့ကြဘူး။

ဒီလိုနှင့် ဧည့်သည်ဆရာ တကယ်ရောက်လာတဲ့နောက် 'ဖော်ရွေတယ်'လို့ သိနှင့်ထားတဲ့ကျောင်းသားတွေက ဆရာဟာ ဆက်ဆံရေးကောင်းတယ်၊ လူကြိုက်များတယ်၊ ဟာသရှိတယ်၊ သနားကြင်နာတတ်တယ်၊ တစ်ဘက်သားအပေါ် ညှာတာ အနစ်နာခံတယ် စသဖြင့်(အေးတိအေးစက်လို့ လက်ခံထားတဲ့ အုပ်စုထက်) သတ်မှတ်ခဲ့ကြတယ်။

အဲ... 'ဖော်ဖော်ရွေရွေ'နှင့် 'အေးတိအေးစက်'ဆိုတဲ့ စကားနှစ်လုံးဟာ ကျောင်းသားတွေရဲ့အပြုအမူတွေကို ဆွဲဆောင် ဖမ်းစားပစ်ခဲ့တယ် ဆိုရမယ်။

ဖော်ရွေတယ်လို့ ယုံစားခဲ့ကြတဲ့အုပ်စုရဲ့ ထက်ဝက်ကျော်ဟာ (အေးစက်စက်အုပ်စုရဲ့ သုံးပုံ တစ်ပုံသာရှိပြီး) အဲဒီဆရာ သင်တာတွေကို အားတတ်သရောနှင့် သင်ယူကြ၊ မှတ်သားဆွေးနွေးကြတာ တွေ့ရတယ်ဆိုပဲ။


mgyoe.com

mgyoe.com SAMPLE BOOK 

ဒီကျောင်းသားအားလုံး ဒီဆရာ၊ ဒီလက်ချာပဲ တက်ကြတာနော်။ ဒီနေရာမှာ ပထမ သတင်းပေးချက်အရ ဆရာရဲ့အင်္ဂါရပ်၊ အမူအကျင့်ပုံစံကလေး ကွဲလွဲမှုရှိခဲ့တဲ့အပေါ် အကျိုးသက်ရောက်မှုက ခြားနားသွားတော့တာပဲ။

ယုံကြည်သက်ဝင်မှုဟာ အဆုံးအဖြတ်နှင့် အပြုအမူတွေကိုသာမက အမြင် အထင် လွဲမှုတွေကိုပါ လွှမ်းမိုးနိုင်ပါတယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က မင်နီပိုလစ်စ်မြို့ထုတ် သတင်းစာတစ်စောင်မှာ ရင်သားတစ်စုံရဲ့ဓာတ်ပုံကို ဖော်ပြပြီး…

'ဒီ နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင် ဘယ်သူလဲ၊ သိရဲ့လား" လို့ ခေါင်းစဉ်တပ်လိုက်ပါတယ်။

ဒီနောက် ရက်ဆက်ဆိုသလိုပဲ ဒီလို ညစ်ညမ်းတဲ့ဓာတ်ပုံတစ်ပုံမိသားစုအားလုံးဖတ်တဲ့ သတင်းစာကြီးတစ်စောင်မှာ ထည့်ရကောင်းလားလို့ ဒေါသတကြီးအပြစ်တင်ကန့်ကွက်သံတွေ ညံသွားတော့တာပါပဲ။

လေးရက်မြောက်နေ့ကျမှ အဲဒီ တစ်ပိုင်းတစ်စ ဖြတ်တောက်ထားတဲ့ဓာတ်ပုံကို တစ်ကိုယ်လုံးဖော်ပြီး ပြခဲ့တယ်။

အဲဒီတော့မှ ဓာတ်ပုံရှင်ဟာ မင်းသမီးမဟုတ်ဘဲ ကိုယ်လုံးကိုယ်ပေါက် အင်မတန်လှပတဲ့ ရေကူးချန်ပီယံ နာမည်ကျော် တာဇံမင်းသားဂျော်နီဝက်စမူလာ ဖြစ်နေတော့တာကိုး။

## ပထမဆုံး တွေ့ဆုံမှု၏ အစွမ်းအာနိသင်

တစ်ယောက်ယောက် စ,တွေ့ချိန်မှာပဲ ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ခင်မင်မှုတုံ့ပြန်မယ်ဆိုရင် ခင်ဗျားကလည်း ရေရှည်တွေ့ဆုံဆက်ဆံဖို့ လိုလားမိတဲ့သဘာဝ ရှိစမြဲပါ။


mgyoe.com

mgyoe.com
SAMPLE BOOK

တကယ်လို့ အကြောင်းတစ်မျိုးမျိုးကြောင့် တွေ့တွေ့ချင်း ဘဝင် မကျဘူးဆိုပါတော့။

အဖြေကတော့ ပြန်ဘဝင်ကျဖို့ တော်တော် မလွယ်တော့ဘူး ပေါ့။

**ဂျော့ချ်၏ အဖြစ်**

ဂျော့ချ်ဆိုတာ ဆံပင်နီကြောင်ကြောင် ကောက်ကောက်ကွေးကွေး မုတ်ဆိတ်နီတွေနှင့် ပြာလောင်ခတ်နေတတ်တဲ့ လူထွားကြီးတစ်ယောက်ပါ။

သူ့အကြည့်က စူးစူးရဲရဲရှိသလောက် သူ့မျက်လုံးတွေကလည်း ထိုးဖောက်အား ကောင်းတယ်။

သူ့အကြောင်း ကောင်းကောင်းမသိတဲ့လူတွေအဖို့ သုံးဆယ့်သုံး နှစ်ရှိတဲ့ ဂျော့ချ်ဟာ ရန်လိုပြီး ချောက်စားဟောက်စားလုပ်မယ့်လူတစ် ယောက်ပဲလို့ အကဲဖြတ်မှာ မုချပဲ။

အံ့သြစရာကောင်းပုံက သူ့မိသားစုနှင့် သူ့ရောင်းရင်းတချို့က သူဟာ အင်မတန်မှ ရှက်တတ်ပြီး၊ သနားညှာတာတတ်သလို ခင်မင် ဖော်ရွေတဲ့ သူတော်ကောင်းဘီလူးကြီးပါလို့ အခိုင်အမာဝိုင်းပြော ကြတာပါပဲ။

ကျွန်တော်က သူ့ရဲ့ရုပ်လက္ခဏာနှင့် စိတ်ထား တခြားစီ ဖြစ်နေ ကြောင်း သူ့ကို အပေါ်ယံကြောလေးသာ တွေ့သိထားကြတဲ့ လူတွေကို ဖွင့်ပြောပြမိတယ်။

သူ့ဥပမိရုပ်နှင့် အထင်မှားလောက်တဲ့ သွင်ပြင်ဟန်ပန်တွေကို လည်း အတိအကျဖော်ညွှန်းပြခဲ့တယ်။

ဒါပေမယ့် ဒါတွေက သူတို့ရဲ့စိတ်ဓာတ်ကို ပြောင်းပစ်နိုင်မယ် ထင်လို့လား။

တရားသေမှတ် ဥပါဒါန်အစွဲ ကပ်နေတဲ့လူတွေက ကျွန်တော်ရဲ့ တွေ့ရှိချက်အသစ်တွေကို သိပ်လက်မခံချင်ကြဘူး။


mgyoe.com

mgyoe.com SAMPLE BOOK 

'ရန်လိုပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့လူဆိုတာ စိတ်ကောင်းဝင်လည်း ခဏပေါ့ဗျာ။ ကြမ်းကြုတ်ရက်စက်မယ့်စိတ် ရှိနေတဲ့လူနှင့် လက်တွဲဖို့တော့ ခပ်လန့်လန့်ပါပဲ'လို့တောင် သူတို့က မှတ်လောက်သားလောက် ပြန်ပြောပြလိုက်ကြသေးရဲ့။

ဂျော့ချ်ပြဿနာရဲ့ တစ်စိတ်တစ်ပိုင်းကတော့ လူကောင်ကြီးအဆမတန် ထွားကျိုင်းနေတာနှင့် နီကြောင်ကြောင်ဆံပင်တွေက တရားခံပါပဲ။

သူ့အတ္တဘောကြီးနှင့် ဆံပင်နီကြောင်ကြောင်ကို လူတွေက တွေ့တွေ့ချင်း ကြောက်စရာမကောင်းဆိုးဝါးသတ္တဝါကြီးအဖြစ် တန်းတန်းစွဲ ယုံမှတ်သွားရတယ်။

ရုပ်ပိုင်းဆိုင်ရာအရ သန်မာထွားကျိုင်းလွန်းနေတော့ ဗလအားကိုးနှင့် အနိုင်ကျင့်မှာပဲလို့ ထင်ခဲ့ကြတဲ့အပြင်၊ နီကြောင်ကြောင် ဆံပင်တွေကလည်း ခက်ထန်ကြမ်းကြုတ်တဲ့စိတ် ရှိမှာပဲလို့ တစ်ထစ်ချ တွက်လိုက်ကြပါရော့။

ကျွန်တော်တို့အားလုံးဟာ ဒီလိုစီရင်ချက်မျိုးကို မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ချမှတ်နေကျပါပဲ။

လူဝကြီးတွေဟာ ယဉ်ကျေးသိမ်မွေ့ပြီး ခင်မင်စရာကောင်းတယ်။ သည်းခံတတ်တယ်။ အေးအေးဆေးဆေးနှင့် သဘောထားပြည့်ဝတယ်။ ဆက်ဆံရေးပြေလည်တယ်လို့ အလိုအလျောက် သတ်မှတ်ပြီးသားပါ။

သေးသွယ်ပိန်လှီတဲ့လူတွေကျတော့ နိုးကြားဖျတ်လတ်တဲ့သတိနှင့် ကြောင့်ကြပူပန်စိတ်တွေ များတယ်လို့ အထင်ခံကြရစမြဲပေါ့။

မျက်မှန်တပ်ထားတဲ့လူတွေကို သာမန်ထက် ဉာဏ်ရည် ထက်မြက်သလို ပါးနပ်လိမ္မာမှုရှိတယ်လို့ ဆိုပြန်တယ်။

ဆံပင်ရှည်ထားသူကိုတော့ လောကအမြင် ကြည်လင်တယ်။ သဘောထားကြီးတယ်တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

အရပ်မြင့်တဲ့အမျိုးသားတွေကို ယောကျာ်းပီသသူ၊ တန်ခိုးသြဇာရှိသူအဖြစ် နားလည်ထားတယ်။

ဆံပင်အညိုရောင်သမ်းတဲ့ အမျိုးသမီးတော်တော်များများဟာ ထုံထိုင်းဖျင်းအ,တတ်တယ်တဲ့။ အသားမည်းမည် အရပ်ပျပ်ပျပ် ယောကျာ်းနှင့် ရမယ်လို့ ဗေဒင်ဆရာတွေ အဟောခံရနေကျ အမျိုးသမီးတွေပေါ့။

ဒါပေမယ့် ဂျော့ချ်ကို ရန်လိုရာရောက်စေတဲ့ တခြားအကြောင်းတစ်ခု ရှိပါသေးတယ်။

သူ့မျက်လုံးတွေဟာ ရူးရှပြီး ထိုးဖောက်နိုင်စွမ်းရှိတယ်လို့ ကျွန်တော်ပြောခဲ့သလို၊ သူဟာ လူတွေကို စကားပြောနေချိန်မှာ အဲဒီမျက်လုံးကြီးတွေနှင့် အကြာကြီးစိုက်ပြီး ရူရူ ဝါဝါကြည့်နေတတ်တာပါပဲ။ ဒီအကြည့်မျိုးကို ဒေါသဖြစ်ဖြစ်နှင့် စိန်ခေါ်ရန်စတဲ့အခါမျိုးမှာ ကျွန်တော်တို့ သုံးလေ့ရှိတယ်မဟုတ်လား။

စင်စစ်တော့ ဂျော့ချ်ဟာ ရန်ရှာတဲ့သဘောဖြင့် ကြည့်ရှာတာမဟုတ်ပါဘူး။

သူ့ခမျာ မျက်မှန်တပ်လို့တောင် ကောင်းကောင်းမမြင်နိုင်ရှာတဲ့ အဝေးမှုန်သမားသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ကို စကားပြောနေတဲ့လူ ဘယ်သူဘယ်ဝါမှန်းသိအောင် ပြူးပြဲဖြဲရဲပြီး ကြည့်ရတာပါတဲ့။

ဂျော့ချ်ရဲ့ လူအမြင်ကတ်ခံရတဲ့ပုံရိပ်ကို အသွင်ပြောင်းပစ်ဖို့ဟာက အချက်ပြသင်္ကေတတွေသုံးပြီး အသံဟိတ်စကားကို အကျွမ်းအကျင်တတ်မြောက်ဖို့ တစ်လမ်းပဲ ရှိပါတယ်။

သူ့အမြင်အာရုံတွေ သန်အောင်လည်း ပိုကောင်းတဲ့မျက်မှန်ကို အသုံးပြုဖို့ အကြံပေးရပါတယ်။

ရလဒ်ကတော့ ပထမဆုံး ပျော့ ကုံမှုကို စိတ်တိုင်းကျ ထိန်းချုပ်နိုင်ခဲ့တာပါပဲ။


mgyoe.com

mgyoeရက်သတ္တပတ် အနည်းငယ်ကလေး လေ့ကျင့်လိုက်ရုံဖြင့် သူ့ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲသွားရပါတယ်။

ကျော့ချ်ရဲ့ချို့ယွင်းချက်တွေကို အတော်လေး ပညာသားပါပါ ပြုပြင်ပေးခဲ့ရတာတော့ အမှန်ပါ။

အဓိကအားဖြင့် သူဟာ ကျွန်တော်ရဲ့ တခြားပြဿနာရှင်တွေ အတိုင်း မျက်လုံးအကြည့်မှာ ဒေါသတွေ ပါနေခဲ့တယ်။ ဒေါသရိပ်ဆိုတာကလည်း ‘အလှအပ’လိုပဲ အကြည့်ခံရသူကို မျက်စိစွဲ ကျန်စေခဲ့တာကိုး။

ခုထက်ထိ ကျော့ချ်တစ်ယောက် သူ့အပေါ် အကဲဖြတ်မှားတဲ့ လူတစ်ချို့ကို အမှန်အကန်သိအောင် သွေးဆောင် ကြိုးစားနေရတုန်း ပါပဲ။

‘အသံမထွက်တဲ့ ဆက်သွယ်နည်းဟာ စကားဝှက် တစ်ခုနှင့် ပိုတူပါတယ်’

ဒေါက်တာဇူနင်က ပြောခဲ့တာပါ။

‘အသံတိတ်ပြောတဲ့ ကိုယ်အမူအရာစကားကို ကျွန်တော်တို့ဟာ တတ်မြောက်အောင် လေ့လာသင်ကြားရမယ်။ ခွဲခြမ်းစိပ်ဖြာ ကြည့်ရမယ်။ လိုတိုးပိုလျှော့ လုပ်ရမယ်။ လူနှင့် လူချင်း ပိုမို ရင်းနှီးခင်မင်မှုတွေရတဲ့အထိ လေ့ကျင့်ရပါလိမ့်မယ်’တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၄း

ကျွန်တော်တို့ ဘာဆိုတာ ကျွန်တော်တို့ဘာသာပဲ ရှုမြင်သိနိုင်မှာပါ။

*ရုပ်ဖ် ဝေါလ်ဒိုး အီမာဆင်*


mgyoe.com

mgyoe.com SAMPLE BOOK

## မိမိကိုယ်မိမိ အကောင်းမြင်ခြင်း၏ အရေးပါမှု

ခင်ဗျားအနေနှင့် တွေ့တွေ့ချင်း လူလေးစားခံရအောင်လုပ်ဖို့ အခွင့်အရေး တစ်ကြိမ်ပဲ ရမှာဖြစ်ပါတယ်။

နောက်ပြီး ခင်ဗျား လူရေးပြဖို့ရတဲ့အချိန်ဟာ အများထင်တာ ထက်တောင် ပိုပြီးတိုတောင်းပါသေးတယ်။

ဒီအပြင် ခင်ဗျားရဲ့ကိုယ်အမူအရာနှင့် ပြသမှုတွေကို တစ်ဘက် လူက သတိပြုမိဖို့လည်း လိုပါတယ်။

အာနိုးတစ်ယောက် သူ့တန်ဖိုး သူ သိလိုက်ရတဲ့အတိုင်း သီချင်း တစ်ပုဒ်ထဲက အမှန်တရားနှင့်အများကြီး ပတ်သက်နေသလိုပါပဲ။

'သင်ရှိနေတာ တစ်ယောက်မှ မသိဘဲနှင့် လောကကြီးကို ဘယ်လို အနိုင်ယူမလဲ'တဲ့။

ကျွန်တော့်အနေနှင့် မျိုးကောင်းမျိုးသန့်မြင်းပေါက်ကလေး တစ်ကောင်ကို ဝယ်ခဲ့တဲ့ လူတစ်ယောက်အကြောင်း သွားသတိရမိတယ်။

အဲဒီလူဟာ ကြင်နာစိတ်ရှိတာနှင့်အမျှ သူ့မြင်းလေးကို ညာ ညာတာတာ လေ့ကျင့်ပေးစေချင်တော့ တိရစ္ဆာန်တွေကို ညင်ညင် သာသာကိုင်တတ်တယ်လို့နာမည်ကြီးတဲ့ ထရိန်နာတစ်ယောက်ကို ရွေး ချယ်ခဲ့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK ဒါပေမယ့် သူခန့်လိုက်တဲ့လူဟာ မြင်းလေးကို တွေ့တွေ့ချင်းမှာပဲ ကြာပွတ်နှင့် နှာနုကို ဖြတ်ရိုက်လိုက်တာ မြင်ရတယ်။

"မင်းကို စာနာသက်ညှာပါလို့ ငါမှာ ထားရက်သားနှင့်"

ဒေါသထွက်နေတဲ့ မြင်းပိုင်ရှင်က ဆူလိုက်တယ်။

ထရိန်နာကလည်း ခပ်မာမာပဲ။

"ဟာ၊ ကျွန်တော် တယုတယလုပ်နေတာပါပဲ။ ဒါပေမယ့် ပထမအစပိုင်းမှာတော့ သူတို့ကို သတိစွဲပြီး အာရုံစိုက်အောင် လုပ်ပေးရမှာပေါ့"တဲ့။

တချို့လူတွေကလည်း တစ်ဘက်သားကို ခိုက်အောင် ငြိအောင် ထိအောင်ကြိုးစားရာမှာ အဲဒီနည်းမျိုးနှင့် တစ်ပုံစံတည်း အတုခိုး အသုံးပြုကြပါတယ်။

အရင်ပြောခဲ့တဲ့ မုန်တိုင်းထရီဆာလိုပဲ တွေ့တွေ့ချင်း ဆောက်နှင့် ထွင်းဆိုသလို စိတ်ဝင်စားဆွဲဆောင်မှုကို အရယူ အမိဖမ်းလေ့ရှိပါတယ်။

ကိုယ့်ကိုယ်ကို ရှုမြင်သုံးသပ်နိုင်စွမ်းရှိတာဟာ စိတ်ကူးစိတ်သန်း ယုံကြည်ချက်တွေကို ဖြစ်ထွန်းစေပြီး၊ စိုးရိမ်ပူပန်မှု သို့မဟုတ် အမျက်ဒေါသထွက်မှုလို ပြင်းပြတဲ့စိတ်လှုပ်ရှားမှုမှန်သမျှကို ထိန်းချုပ်ပေးပါတယ်။

အဓိပ္ပာယ်ကတော့ သင့်ကိုယ်သင် တစ်ဘက်လူ ပရိသတ်ရဲ့ဆန္ဒ၊ မျှော်လင့်ချက်တွေနှင့် လိုက်ဖက်ညီညွတ်အောင် ပြင်ဆင် ပြသနိုင်တာပါပဲ။

ဒါကပဲ စင်မြင့်ပေါ်တက်သူတွေပြောပြောနေတဲ့ 'ရုပ်လုံးပြမှု'ကို အောင်မြင်စေတဲ့ အကြောင်းတစ်ရပ် ဖြစ်ပါတယ်။

ရုပ်လုံးပြတယ်ဆိုတာကလည်း သာမန်လူတစ်ယောက်ကို လူသိထင်ရှားအောင် ပြောင်းလဲဖန်တီးပေးနိုင်တဲ့ ပြိုးပြိုးလက်လက်အရောင်ထွက်ပြီး ထူခြားတဲ့စွမ်းအင်တစ်ခုလို့ ဆိုရမှာပါ။



mgyoe.com

mgyoe.com SAMPLE BOOK


လူတိုင်းလိုလို တစ်ဘက်သားအပေါ် ရေရှည်သဘောကျနှစ်သက်စေမယ့် ညှို့ချက်တွေကို ဖန်တီးနိုင်စွမ်းရှိကြပေမယ့် တချို့ခမျာတော့ အခက်အခဲဖြစ်နေပါတယ်။

ဒီလိုဖြစ်ရတာလည်း အကြောင်းအမျိုးမျိုး ရှိလို့ပါပဲ။

တစ်ခါတစ်ရံ သူတို့ လူတောထဲမတိုးရဲတာဟာ ရှက်တာရယ်၊ ရိုးသားတာရယ်၊ လူပုံအလယ်မှာ ဝေဖန်ကဲ့ရဲ့ခံရမှာ ကြောက်လို့ရယ်ကြောင့်ပဲ ဖြစ်ပါတယ်။

တစ်ချို့ဖြစ်ရပ်တွေမှာတော့ ထောင်လွှားမောက်မာတဲ့ မာနတရားကို လက်သည်အနေနှင့် တွေ့ရပါတယ်။

'လူတွေ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ပေါင်းပေါင်း မပေါင်းပေါင်း ငါကတော့'ဆိုတဲ့ လေသံမျိုး သူတို့ ပစ်တတ်ကြတယ်လေ။

အဲဒီလေသံအရကို လူတွေက သူတို့ကို ဝေးဝေးကရှောင်ဖို့၊ ယာယီပေါင်းပြီးစွန့်ခွာဖို့ ခိုင်လုံတဲ့အကြောင်း ဖြစ်သွားပါလေရော။

အဲဒီအခါမှာ အခွင့်အရေးတွေ ဆုံးရှုံးမယ်။ အခွင့်ကောင်းတွေ လက်လွတ်သွားမယ်။ ရည်မှန်းချက် ပန်းတိုင်တွေ ပျက်ပြားသွားမယ် ဆိုတဲ့ အကျိုးဆက်တွေသာ ခံစားရမှာ မလွဲပါဘူး။

ကဲ၊ စည်းကမ်းကြီးတဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်တဲ့လူတစ်ယောက်ဟာ ဂျင်းဘောင်းဘီအစုတ်အဖွာနှင့် ညစ်ပေနေတဲ့ စပို့ရှပ်အကျီတွေဝတ်ပြီး နီကြောင်ကြောင်ပန့်ကေဆံပင်ပုံစံတွေ ဖီးလို့ အင်တာဗျူးသွားဝင်မယ်ဆိုရင် ဘာဖြစ်မလဲ။ စဉ်းစားကြည့်ပါ။

ဘယ်သူမှ လူမထင် ဂရုမစိုက်သလို မထီမဲ့မြင်ဒီဖိုင်းနှင့် သူ့ကို ချိုးနှိမ်ကြမှာလား။ ရူးသွားပြီလို့ ပြောကြမှာလား။

ထိရောက်တဲ့ အသံတိတ်စကားကိုသုံးပြီး လူချင်းတွေ့ဆုံမှုကို စိစဉ်ထိန်းချုပ်ရာမှာလည်း ဒီအတိုင်းပါပဲ။

အခြေအနေပေါ် မူတည်ပြီး ခင်ဗျားကိုယ်ခင်ဗျား မေးရပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ငါ ဒီတွေ့ဆုံမှုက အကျိုးအမြတ် ဘာတွေရဖို့ မျှော်လင့်သလဲလို့။

တကယ်လို့ တွေ့ဆုံမှုက ထူးထူးခြားခြားနှင့် အရေးပါပြီး တစ်ခုတည်းသောထွက်ပေါက်သာ ဖြစ်နေမယ်ဆိုရင် ကိုယ်အမူအရာရော၊ ဝတ်စားပြင်ဆင်မှုမှာပါ ကိုးရို့ကားရား ဖြစ်ကတက်ဆန်းသွားလို့ မဖြစ်တော့ပါဘူး။

ဒါပေမယ့် တွေ့ရမယ့်ရည်ရွယ်ချက်က အရေးမကြီး၊ သာမန်အားဖြင့် မိတ်ဖြစ်ဆွေဖြစ်လောက်နှင့် ရင်းနှီးခင်မင်မှု ရဖို့လောက်သာဆိုရင်တောင် အခြေအနေအရ အသံတိတ်စကားနှင့် အချက်ပြသင်္ကေတတွေ သုံးဖို့တော့ ကျိန်းသေလိုအပ်ပါတယ်။

လိုရင်းပြောရရင် အောင်မြင်တဲ့ စိတ်သရုပ်ပြ ထိန်းချုပ်မှုရဲ့လျှို့ဝှက်ချက်နှင့် ခင်ဗျားရဲ့အသွင်အပြင် ပုံပန်းသဏ္ဍာန်ဟာ ဟန်ချက်ညီညီ လိုက်ဖက်အဆင်ပြေမှု ရှိရပါလိမ့်မယ်။

ပြီးတော့ အကဲဖြတ်ချက်ဟာ အခြေအနေ ပတ်ဝန်းကျင်နှင့် တစ်ဘက်လူရဲ့ အဆင့်အတန်းရှိမှု နှစ်ခုစလုံးပေါ်မှာ မူတည်ပါတယ်။

မြူးကြွနေတဲ့ ပါတီပွဲတစ်ခုက လက်ခံကျင့်သုံးတဲ့ ကိုယ်အဂါဘာသာစကားဟာ၊ ဘုတ်အဖွဲ့တစ်ခုရှေ့မှောက်မှာတော့ လျော်ကန်သင့်မြတ်မှာ မဟုတ်ပါဘူး။

အလားတူပဲ အကျင့်သီလချို့တဲ့ပြီး ဂုဏ်သိက္ခာသိပ်မရှိတဲ့ လူတစ်ဦးရဲ့ ပူးပေါင်းကူညီမှုကို ရယူဖို့လိုတဲ့အခါမျိုးမှာလည်း ပရိယာယ်မသုံးလို့ မဖြစ်ပြန်ဘူး။ အဲဒီလူအပေါ် ယုံကြည်မှုကို ဒါမှမဟုတ် လွှမ်းမိုးမှုတွေ ပိုပြီး ပြရမှာပဲ။ သူ့ကို လွှမ်းမိုးချုပ်ကိုင်မှု ရဖို့လိုတယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှုထားပြီး ရပ်တည်မှုအနေအထားကို အပေါ်စီးရအောင် ယူရလိမ့်မယ်။

ကျရောက်လာတဲ့ အခြေအနေနှင့် အကိုက်ညီဆုံးပုံစံကို ရွေးချယ်ဆုံးဖြတ်ပေးမယ့် သော့ချက် သုံးခု ရှိပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

## ၁။ ရည်မှန်းချက်ပန်းတိုင်

ခင်ဗျားကိုယ် ခင်ဗျား ပြန်မေးပါ။ ဘာမျှော်ကိုးပြီး တွေ့ဆုံချင်ရတာလဲ။

မိတ်ဆွေဖွဲ့ဖို့လား၊ အတွင်းရေးကိစ္စလား၊ စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်ဖို့လား၊ သမဝါယမပုံစံနှင့် ပူပေါင်းလုပ်ကိုင်ဖို့လား၊ သစ္စာစောင့်ဖို့လား၊ ထောက်ခံအားပေးဖို့လား။ လက်ခံသဘောတူဖို့လား၊ ဘာကိစ္စလဲ။

ရည်မှန်းချက် သုံးလေးမျိုး ပေါင်းထား ရတာမျိုးလည်း ရှိလိမ့်မယ်။ ဒီနေရာမှာ ရည်မှန်းချက် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်မဖြစ်ဖို့ သတိထားပါ။ ဒါမှ ခင်ဗျားရဲ့ အသံတိတ် စကားသုံး အချက်ပြသင်္ကေတတွေ တော်တည့် မှန်ကန်ပါမယ်။

ဥပမာပြရရင် နွေးထွေးလှိုက်လှဲတဲ့ခင်မင်မှုနှင့် ယုံမှားစရာမရှိတဲ့သစ္စာခံမှုတွေရရေးမှာ တစ်ဖက်လူရဲ့ တုံ့ပြန်မှုက အေးတိအေးစက်ဖြစ်ပြီးဟန်ပုံမရရင် ကြိုးစားပမ်းစားဂရုစိုက်ပြီး တွန်းအားပေးရတဲ့ဘမျိုးပေါ့လေ။

## ၂။ ရပ်တည်မှု အခြေအနေ

ခင်ဗျားကို ခင်ဗျား ပြန်မေးပါ။ ရပ်တည်မှုအခြေအနေကဘယ်လိုပုံစံမျိုး တောင်းဆိုသလဲ။ ဘယ်အခြေအနေမျိုးမှာ တခြားလူတွေဘယ်လို လုပ်ဆောင်ကြလဲ။ တစ်ဘက်က ငါ့ကို ဘယ်လိုပြုမူဖို့ မျှော်လင့်သလဲ။ လူများစု အဖွဲ့အစည်းရဲ့ဆန္ဒတွေ၊ တောင်းဆိုမှုတွေနှင့် ဆန့်ကျင်သွေဖည်ဖို့ အရေးကြုံတဲ့အခါမျိုးမှာ သေသေချာချာ စဉ်းစားရပါလိမ့်မယ်။

ပမာအားဖြင့် သူနိုင်ကိုယ်နိုင် အားပြိုင်နေရချိန်အတွင်း အစွမ်းကုန် လူရေးပြရတဲ့အခါမျိုးမှာ (အခန်း 'တစ်ဆယ့်သုံး'ကို ကြည့်)အလွန်အကျွံ စိတ်ဝမ်းမကွဲဖို့၊ မဆန့်ကျင်မိဖို့ပဲ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီအချက်က တဖြည်းဖြည်း ကိုယ့်ဘက်ပါအောင် သိမ်းသွင်းဖို့ တစ်နည်း ရေရှည်လက်တွဲဖို့ ပုံသေနည်းဖြစ်နေပေမယ့် လူအများစု ကတော့ အသုံးမချမိကြပါဘူး။

အဲဒီလူတွေအနေနှင့် လူ့အသိုင်းအဝန်းက စပယ်ရှယ်လိုင်စင်ပေး ထားတဲ့ နာမည်ကျော်အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား မင်းသမီးတွေ၊ ပန်းချီဆရာ စတဲ့ အနုပညာရှင်တွေလို ထူးခြားတဲ့ အပြုအမူအနေအထိုင်၊ ဆန်းကြယ်တဲ့စိတ်နေသဘောထား၊ သာမန်နှင့်မတူတဲ့ လုပ်ရပ်တွေ ရှိနေတာကြောင်း မြတ်နိုးချစ်ခင် ချီးမွမ်းခံရဖို့ထက် အော့နှလုံးနာ ရွံရှာမုန်းတီးပြီး ခက်ထန်တင်းမာမှုတွေကို ရင်ဆိုင်ရစမြဲဖြစ်ပါတယ်။

အထူးခွင့်ပြုချက်ရထားတယ်ဆိုတဲ့ သူတွေတောင် အကန့်အသတ် ရှိသေးတယ်။ ဘောင်လွတ်စည်းလွတ် နေလို့မရပါဘူး။ ဘယ်လောက်ပဲ ထူးထူး ပတ်ဝန်းကျင်အမြင်နှင့် လိုက်လျောညီထွေဖြစ်မယ့်ပုံစံကို ရွေး ချယ်ရမှာပါပဲ။

## ၃။ မိမိနှင့် လက်တွဲပူးပေါင်းရမယ့်သူကို ရှာဖွေတဲ့အခါ

မိမိနှင့် လက်တွဲပူးပေါင်းရမယ့်သူကို ရှာဖွေတဲ့အခါ လိုက်နာ ရမယ့် အကောင်းဆုံးစည်းကမ်းချက်ဟာ မိမိနှင့် အကျင့်သီလ၊ ဂုဏ် သိက္ခာ၊ စရိုက်သဘာဝတူတဲ့လူ ဖြစ်သင့်တယ် ဆိုတာပါပဲ။

ဒီအချက်က တွေ့ဆုံဆက်ဆံရေးမှာ ဉာဏ်နှင့် သတိ ပိုရှိရမယ် လို့ပြဆိုနေတဲ့ ကြားကပဲ လူအတော်များများကတော့ ဒီ သော့ချက် 'သုံးချက်'ကို ဂရုမမူ တန်ဖိုးမထားတတ်ကြဘူး ဖြစ်နေတယ်။

ရလဒ်ကတော့ တွေ့ဆုံဆက်ဆံရာမှာ မထိန်းနိုင်မသိမ်းနိုင် အလွဲအမှားတွေဖြစ်ပြီး ဆုံးရှုံးနစ်နာမှုတွေ၊ အရှက်ကွဲရတာတွေ၊ အငြင်း အပယ်ခံရတာတွေ ကြုံတွေ့ရာက စိုးရိမ်သောက ခံစားရတော့ တာပါပဲ။

ဒီလို အပျက်ဘက် ရှေ့ရှုလာတဲ့သဘောကိုပဲ 'မီးနိုပြ'တုံ့ပြန်မှုလို့ ခေါ်ကြသလို၊ ဒါဟာ လူသားတွေရဲ့ နိစ္စဒူဝ ရင်ဆိုင်နေရတဲ့ ရုပ်ပိုင်းဆိုင် ရာ ရှင်သန်ဖွံ့ဖြိုးမှုကို ထိပါးစေတဲ့ ရှေ့ပြေးနိမိတ်ဆိုလည်း မမှားပါဘူး။

mgyoe.com

ဒီလို 'မီးနိုပြ' အလိုအလျောက်တုံ့ပြန်လာတာနှင့် တစ်ပြိုင်နက် ခင်ဗျားရဲ့ သိစိတ်စွမ်းရည်တွေကို အေးဆေးတည်ငြိမ်စွာနှင့် ကျိုးကြောင်းဆီလျော်ပြီး ဉာဏ်ဦးစီးတဲ့အပြုအမူတွေဖြစ်အောင် အလျင်အမြန် ထိန်းချုပ်ကွပ်ကဲဖို့သာ ပြင်ပေတော့။

## မီးနိုပြ တုံ့ပြန်မှု

ခင်ဗျား အေးအေးဆေးဆေးလမ်းလျှောက်လာတုန်းမှာ ကားတစ်စီးက အိတ်ဇောထပေါက်သွားတယ်။

ခင်ဗျား လန့်သွားပြီး၊ ဖျပ်ခနဲ ရပ်မယ်၊ ခုန်မယ်၊ ရှောင်မယ်၊ ဝပ်မယ်။ အဲဒါတွေက မီးနိုပြ တုံ့ပြန်မှုပါပဲ။

တစ်ဘက်က ဇယားမှာ တစ်စက္ကန့်ရဲ့ တစ်ရာပုံ ခန့်မှန်းခြေကြာမြင့်ချိန်နှင့်ယှဉ်ပြီး ခင်ဗျားကိုယ်မှာ ဘာတွေ ဖြစ်သွားတယ်ဆိုတာ ပြထားပါတယ်။

တစ်စက္ကန့်မပြည့်မီအတွင်းမှာ ကိုယ်ခန္ဓာဟာ အေးဆေးတည်ငြိမ်နေရာက မြင့်မားတဲ့အုံကြွမှုတွေအဖြစ် ပြောင်းလဲသွားရတယ်။

ခြေဆုံးခေါင်းဆုံးဆိုသလို မျက်နှာပေါ်ကနေ ပခုံးတွေ ၊ လက်ရုံးတွေ၊ ခြေချောင်းလေးတွေအထိ သွေးကြောတွေ အဆင့်ဆင့်လှုပ်ခါဖြာဆင်းသွားရာက တစ်ကိုယ်လုံးတုံ့ဆွဲပြီး ကွေးညွတ်ခဲ့ရတာ ဖြစ်ပါတယ်။

ဒီတုံ့ပြန့်မှုဟာ ဦးနှောက်ထဲက အကြောမျှင်ကလာပ်စည်းတွေရဲ့ သတင်းရရှိမှုကနေ အစဖျိုးတာပါ။

အတိအကျပြောရရင်တော့ ပင်မကျောရိုးက ယှက်ဖြာနေတဲ့အာရုံကြောတွေနှင့် ဦးနှောက်ပိုင်းက အာရုံခံကြောတွေ ဆက်သွယ်ပြီး တုံ့ပြန့်လှုပ်ရှားမှုတွေ ဖြစ်ပေါ်ခဲ့ရတာပါပဲ။

နီဗာတိုတက္ကသိုလ် ခန္ဓာကိုယ်ဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသောမတ်စ်ဟန်နာက ခုလို မှတ်ချက်ပေးပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

| စ,ကြားသည်မှ ကြာချိန် | တုံ့ပြန်မှု |
|---|---|
| ၁၂ မိလီစက္ကန့် – | မေးရိုးကြောများ တောင့်တင်းလာမည်။ |
| ၁၆ မိလီစက္ကန့် – | မျက်လုံးနှင့် မျက်ခုံးများ ကျုံ့သွားမည်။ |
| ၂၀ မိလီစက္ကန့် – | ပခုံးနှင့် လည်ပင်းဇက်ကြောများ ကျုံ့သွားမည်။ ထို့အတွက် ပခုံးများတွန့်၍ ခေါင်းရှေ့စိုက်သွားမည်။ |
| ၅၀ မိလီစက္ကန့် – | တတောင်ဆစ်များ ကွေးသွားပြီး၊ လက်ချောင်းများ ဆန့်ကားသွား၍ လက်ဖဝါးများ အောက်ပြန့်သွားမည်။ |
| ၆၀ မိလီစက္ကန့် – | ဝမ်းပျဉ်းကြောများ ကျုံ့သွား။ နံရိုးများ အောက်ဆွဲပြီး ကျဉ်းသွားရာမှ အသက်ရှူရပ်သွား။ |
| ၇၀ မိလီစက္ကန့် – | ဒူးများ အတွင်းဘက်သို့ ကွေးဝင်သွား။ ခြေမျက်စိခေါက်၍ ခြေဖဝါးများ ကုပ်သွား။ |
| ၈၀ မိလီစက္ကန့် – | ပေါင်တွင်းကြောများ တင်းလာမည်။ ခြေချောင်းလေးများ ကြွတက်လာမည်။ |
| ၉၀ မိလီစက္ကန့် – | နှလုံးခုန် မြန်လာမည်။ |
| ၁၀၀ မိလီစက္ကန့် – | အာခေါင်ခြောက်၍ အစာချေမှု နှေးသွားမည်။ |
| ၁၅၀ မိလီစက္ကန့် – | အသက်ရှူမမှန်ဘဲ ဖြစ်လာမည်။ |
| ၂၀၀ မိလီစက္ကန့် – | လက်ဖဝါးများ ချွေးထွက်လာမည်။ |
| ၂၅၀ မိလီစက္ကန့် – | မျက်နှာပြင် ဖြူဖတ်ဖြူရော် ဖြစ်လာမည်။ |

mgyoe.com

mgyoe.com SAMPLE BOOK 

'ဒီအဖြစ်ဟာ ကျွန်တော်တို့ မမြင်ခင်မသိခင်ကတည်းကိုက အာရုံကြောတွေကို ရိုက်ခတ်ခဲ့တာပါ။ တစ်နည်းအားဖြင့် အာရုံခံစနစ်က သတိပေးဟန့်တားခဲ့တဲ့ သဘောပါပဲ။ ကြိုတင် ကာကွယ်ပေးတာလို့လည်း ဆိုနိုင်ပါတယ်။ သူ့ဆောင်ပုဒ်ကတော့ 'လောလောဆယ် ဆုတ်ခွာရှောင်တိမ်းလိုက်၊ နောက်မှစဉ်းစား' လို့ပဲ ဖြစ်ပါတယ်။ အသက်ရှင်နေမှုက ချက်ချင်းတုံ့ပြန်မှုကို တောင်းဆိုခဲ့တာပဲပေါ့။ ပြွန်းခနဲပေါ်ပေါက်လာတဲ့ အန္တရာယ် ဘယ်လောက်ကြီးမားတယ်ဆိုတာကို စိမ်ပြေနပြေ စဉ်းစားတုံ့ဖြန့်ဖို့ အချိန်မပေးပါဘူး'

အဲဒီလို အရင်ဖြစ်ပြီးတဲ့နောက်တောင်မှ အရှိန်မြင့်သွားရာက ထိတ်လန့်ချောက်ချားမှုဟာ မိနစ်ပေါင်းများစွာ (နာရီနှင့်တောင် ချီပြီး) ကျန်ခဲ့ပါသေးတယ်။

တချို့လူတွေဆိုရင် အလန့်လွန်သွားတဲ့ စိတ်ဖိစီးမှုဒဏ်ကို နာတာရှည်ရောဂါကြီးလို ခံစားသွားရာက ရုပ်ရောစိတ်ပါ ချို့ယွင်းတဲ့ဘဝကို ရောက်သွားရပါတယ်။

ဒါပေမယ့် မီးနိုပြတုံ့ပြန်မှု သို့မဟုတ် တုံ့ဆိုင်းချောက်ချားသွားရမှုဟာ ရုတ်တရက် မမျှော်လင့်တဲ့အသံ၊ အကောင်အထည်နှင့်တွေ့လိုက်ရတဲ့ အန္တရာယ်ကြောင့်သာ မကပါဘူး။

စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခံရမှုတွေအပါအဝင် ကျွန်တော်တို့ကို အရဲကိုးစွန့်စားရမယ့်အခြေအနေကို တွန်းပို့တဲ့ မြင်သိမှုမှန်သမျှဟာလည်း ကိုယ်နှင့်စိတ်ကို ထိတ်လန့်တုန်လှုပ်စေနိုင်ပါတယ်။

ဒီ ပြောင်းလဲမှုဖြစ်စဉ်တွေအတိုင်းပဲ လုပ်ငန်းဆောင်တာနှင့်ပတ်သက်တဲ့ ကိစ္စတွေမှာလည်း ဖြစ်တတ်တယ်လို့ ဆိုရမှာပဲ။

အလားတူဖြစ်ရပ်မျိုးလို လူတွေဟာ အခက်အခဲ အကျပ်အတည်းကြုံတွေ့လာတဲ့အခါမျိုးမှာ စိုးရွံ့ထိတ်လန့်၊ တုန်လှုပ်ချောက်ချားပြီး ဒေါသထွက်လို့ အလိုလိုစိတ်တိုနေတတ်ကြပါသေးတယ်။

မှတ်တမ်းအရ သာဓက ပြရရင်တော့...


mgyoe.com

mgyoe.com
SAMPLE BOOK

## သောကသည်မလေး အန်နီ

အန်နီကို ပြည်နယ်မြို့ငယ်လေးတစ်ခုမှာ မွေးဖွားခဲ့သလို အဲဒီမှာပဲ ကြီးပြင်းခဲ့ရပါတယ်။ သူဟာ အသက်တစ်ဆယ်ကျော် နှစ်ဆယ်လောက်မှာ မြို့တော်တက်ပြီး ကြော်ငြာအေဂျင်စီတစ်ခုမှာ (အတွင်းရေးမှူးရာထူးမရခင်) ယာယီရုံးစာ၊ သန့်ရှင်းရေးကအစ ရုံးအလုပ်ပေါင်းစုံကို လုပ်ခဲ့သူ ဖြစ်ပါတယ်။

အလုပ်အကိုင် ထူးချွန်ထက်မြက်ပြီး အားကြိုးမာန်တက်ရှိတဲ့အတွက် စီမံရေးရာဒါရိုက်တာကြီးက မျက်စိကျခဲ့ရာက အချိန်ပြည့် ခန့်ထားခံခဲ့ရပြန်တယ်။

သုံးနှစ်အကြာမှာတော့ အန်နီဟာ ဒါရိုက်တာကြီးရဲ့ ကိုယ်ရေးအရာရှိ ဖြစ်ခဲ့ရပြီး၊ နောက် မန်နေဂျာအဆင့် ရောက်ခဲ့ရပြန်ရော။

သိပ်မကြာပါဘူး။ အစုရှယ်ယာဝင် လူကြီးနှစ်ယောက်က သူတို့ကိုယ်ပိုင်အေဂျင်စီတစ်ခုကို တည်ထောင်လိုက်ရာက သူတို့ဆီ ဝင်လုပ်ဖို့ ခေါ်ခဲ့တယ်။ အဲဒီအေဂျင်စီက နာမည်ကျော်နာမည်ကြီးတွေကို အသုံးပြုပြီး လုပ်ငန်းကို အထူးတွင်ကျယ်အောင် အရှိန်မြှင့်ခဲ့တယ်။

ဒီတင် အသက် ၂၇နှစ်ရှိပြီး လက်မထပ်ရသေးတဲ့ အပျိုမလေးဖြစ်သလို၊ အေးအေးဆေးဆေးနှင့် နှုတ်နည်းတဲ့အပြင် ကိုယ့်အကြောင်းသာ ကိုယ်တွေးတတ်တဲ့ အန်နီခမျာ အသံတိတ်စကားရဲ့ ပြဿနာတွေနှင့် ထိပ်တိုက် ရင်ဆိုင်ရတော့တာပါပဲ။

အန်နီဟာ ရုံးလုပ်ငန်းခွင်မှာ အေးအေးသက်သာ ကျွမ်းကျွမ်းကျင်ကျင်ရှိလှသလို ကြော်ငြာရှင်တွေနှင့် ဆက်သွယ်ရာမှာလည်း အဆင်ပြေ လွယ်ကူချောမွေ့ပေမယ့် လူတွေ တပြုံတမကြီးစုဝေးနေတဲ့ ပါတီညစ်ခံပွဲတွေကိုတက်ဖို့ ဖိတ်လာတာတွေကိုတော့ တွန့်နေခဲ့မိတာအမှန်ပါ။

တောသူမလေးပီပီ တောစိတ်တောအမြင်ပဲ ရှိနေဆဲပါ။ ဆောင်းဘီနှင့် အရောင်ခပ်မွဲမွဲ တီရှပ်လိုခေါင်းစွပ်အင်္ကျီမျိုးကို အဖိုးတန်ခေတ်


mgyoe.com

mgyoe.com SAMPLE BOOK 

ပေါ်ဖက်ရှင်တွေထက် ပိုကြိုက်တဲ့အန်နီ့အဖို့ အဲဒီလို ပကာသန အသိုင်းအဝိုင်းမှာ အနေရကြပ်နေခဲ့ရပါတော့တယ်။

လူကုံထံလောကက သူ့ကို ချောက်လှန့်နေတယ်ထင်ခဲ့ရာက သူ့ခမျာလည်း မီးနီပြတုံ့ပြန်မှုအရ အယောင်ယောင်အမှားမှားတွေ ဖြစ်ခဲ့ရပြန်ပါတယ်။

ခန္ဓာကိုယ်ရဲ့ ဂနာမငြိမ်နိုင်အောင် တုန်လှုပ်ချောက်ချားမှုအရှိန် မြင့်လာတာကိုပဲ စိုးရိမ်သောကအဖြစ် ဘာသာပြန်မှားမိတဲ့ သူ့ခမျာ အမြဲတမ်းမွန်းကြပ်နေရသလို မျက်စိမျက်နှာပျက် အမှားမှားအယွင်း ယွင်းတွေနှင့် လျှာလေးအာလေး ဖြစ်နေခဲ့ရတယ်။

သူ့အဖို့ စကားတစ်ခွန်းထွက်ဖို့ ထစ်ငေါ့နေရတာနှင့်ပဲ အချိန် ကုန်သွားရပြီး လက်တွေလည်း ဘယ်လိုနေလို့ ဘယ်လိုထားရမှန်း မသိ။ ကိုးရိုးကားရား ယမ်းခါနေတော့တာကိုး။

"ကျွန်မတော့ အဲဒီအချိန်မှာ အခန်းထဲက ထွက်ပြေးချင်စိတ် သာ ပေါက်နေတော့တာပဲ။ ကျွန်မစိတ်ထဲမှာ ဩဇာအရှိန်အဝါကြီးမား တဲ့ နာမည်ကျော် ပုဂ္ဂိုလ်ထီးပုဂ္ဂိုလ်မတွေက ကျွန်မကို အထင်သေး အမြင်သေးနှင့် နှာခေါင်းရှုံ့နေကြတယ်လို့သာ ခံစားရတယ်။ သူတို့ အနေနှင့် ကျွန်မဟာ စိုင်ကော်လို့ ချုံပေါ်ရောက်ပြီး အတွင်းရေးမှူးပေါက် စကလေးဘဝကနေ မိုးပေါ်က သူတို့ခြေထောက်ကြား ရောက်လာတာ လို့ ထင်နေမှာပဲလို့ အတပ်စွဲခဲ့မိတယ်။ အပွင့်လင်းဆုံးပြောရရင်တော့ ကျွန်မကိုယ်ကျွန်မ မတန်မရာနေရာမှာ လာညာနေရတဲ့လူလို့ ခံစား ခဲ့ရတယ်"

အန်နီက ကျွန်တော့်ကို တွေ့စမှာပဲ ဖွင့်ပြောခဲ့ပါတယ်။

အန်နီရဲ့ ကိုယ်အင်္ဂါဘာသာစကားကို ရှုထောင့်အမျိုးမျိုးက ရိုက်ပြထားတဲ့ ဗီဒီယိုမှာ မီးနီတုံ့ပြန်မှုတွေ လွှမ်းမိုးနေတဲ့အသံ တိတ် စကားနှင့် အချက်ပြချက်တွေကို ကွဲပြားခြားနားစွာ တွေ့ခဲ့ရပါတော့ တယ်။


mgyoe.com